www.burmeseclassic.com



ပရဆန်းကြယ်ချောက်ချားဖွယ်ဝတ္ထု၊

မှားလောကကြီး

ကလောင်ခွဲ

သစ်ငုတ်စိုးတဲ့

# ဖိုးသည

တစ္ဆေအိမ်ကြီးက

မာယာရှင်မိန်းကလေး

ပန်းချီ သိန်းရွှေကြည် 2012

BURMESE CLASSIC
www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြိုကွဲရေး | ဒို့အရေး |
| စည်းလုံးညီညွတ်မှုပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် သန့်ရှင်းခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုရှေ့ရှုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

သစ်ငုတ်စိုးတဲ့

# မိုးသည

## တစ္ဆေအိမ်ကြီးက
## မယ်ဘာရှင်မင်းကလေး



www.burmeseclassic.com

၂၀၁၂ခုနှစ်၊ စက်တင်ဘာလ – ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-)ကျပ်

❑ **ထုတ်ဝေသူ**
ဦးသစ်လွင်၊ ဂန္ဓာဝါမြိုင်စာပေ (မြဲ-၀၉၄၈)၊ အမှတ် ၁၁၃၊ ရွှေပြည်သာလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်။

❑ **မျက်နှာဖုံးပုံနှိပ်**
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက် အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

❑ **အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက် ၉/အိတ်ချ်၊ နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။

❑ **ဖြန့်ချိရေး**
ဗိုလ်ဗိုလ်နှင့်မိသားစု

ဖြည်လုံးကျွတ်ဖြန့် ချိရေး
ဖိုးရွှင်အောင်စာပေ
အမှတ်-၄၉၊ မှန်ရဝေလမ်း၊ သရက်စံ့မြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃
သစ်ငုတ်စိုးတဲ့ ဖိုးသူည
တရွှေအိမ်ကြီးက မာယာရှင်မိန်းကလေး/
သစ်ငုတ်စိုးတဲ့ ဖိုးသူည- ရန်ကုန်၊
ဂန္ဓာဝါမြိုင်စာပေ၊ ၂၀၁၂။
၁၃၄-စာ၊ ၁၃ x ၂၀ စင်တီ။
(၁) တရွှေအိမ်ကြီးက မာယာရှင်မိန်းကလေး

# သစ်ငုတ်စိုးတဲ့ ဖိုးသူည

## ရေးသားထုတ်ဝေပြီးစာအုပ်များ


၁။ ဝိညာဉ်တို့၏မာယာမြို့တော်
၂။ လိပ်ပြာမှားတဲ့ မာယာည
၃။ တမလွန်နှလုံးသားနှင့်ဝိညာဉ်ချစ်သူ
၄။ တရွှေနေတဲ့မြို့ကခမှော်ဆရာ
၅။ တရွှေတစ်ကောင်၏မွေးနေ့လက်ဆောင်
၆။ သေမင်းဒိုင်ယာရီထဲက ဝိညာဉ်မလေးနာမည်
၇။ မှော်ဆရာရေးတဲ့ ပရလောကကျမ်း
၈။ မရဏသေမင်း၏ တမန်တော်
၉။ တမလွန်စီရင်ချက်ထဲက ဝိညာဉ်မလေးရဲ့အမုန်း
၁၀။ အလောင်းတင်ရထား


## ဆက်လက်ထုတ်ဝေမည့်စာအုပ်များ


၁။ မှော်ဆရာရဲ့ဥပုသ်နေ့
၂။ ဝိညာဉ်သေတမ်းစာထဲကသိုးမည်း
၃။ ဝိညာဉ်ချစ်တဲ့ ဂျစ်ပစီမလေး


## ယခုလ ...

တရွှေအိမ်ကြီးက မာယာရှင်မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com

# ဖိုးသုည ဝေဖန်စာကဏ္ဍ



စာဖတ်ပရိသတ်များ ခင်ဗျား ...

အခုတော့ စာရေးရတာအရင်ထက် ပိုပျော်လာပါတယ် ... ကိုယ်ဖန်တီးလိုတဲ့ ဇာတ်ကွက်တွေကို ပရိသတ်ရင်ထဲရောက်အောင် ပို့နိုင်လာပြီလို့ထင်လို့ပဲ ဖြစ်ပါတယ် ...

နောင်လည်း ပရိသတ်ကြီး စိတ်တိုင်းကျ ဇာတ်လမ်းတွေကို အားပါးတရရေးရင်း ဖိုးသုညတစ်ယောက် ပရိသတ်ကြီးရဲ့ စိတ်အာဟာရကို ပြည့်ပြည့်ဝဝ ဖြည့်ပေးနေမှာပါ – လို့ –

စာရေးနေတဲ့
ဖိုးသုည

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com





သို့

ဆရာ ဗိုးသုည ... ရှင့် ...

ဆရာဗိုးသုည ဖွင့်လှစ်ထားတဲ့ ဝေဖန်စာကဏ္ဍဟာ စာဖတ်ပရိသတ်တွေအတွက် အထူးစိတ်ဝင်စားဖွယ်ကဏ္ဍလေး ဖြစ်လာပါပြီ ...

ဒီနေ့ ... စာပေလောကဟာ တပြည်းပြည်းအားပျော့လာတယ်လို့ထင်ပါတယ်၊ ဟိုးအရင်က အပျင်းပြေ၊ ပျော်ပြေရေး၊ ဝတ္ထုသုတ၊ သိပ္ပံ၊ ရာဇဝင်၊ ရသ၊ ဘာသာရေး စတဲ့ အကြောင်းအရာတွေကို စာအုပ်စာပေတွေကနေဖတ်ရှုင်း သိရှိနားလည်ခဲ့ကြတယ်လို့ ထင်ပါတယ် ...

အခုတော့ ခေတ်တွေ စနစ်တွေ ပြောင်းသွားသလို စာအုပ်တွေ နေရာမှာ အစားထိုးဝင်ရောက်လာတဲ့ ပစ္စည်းအသစ်အဆန်းတွေကလည်း မနည်းပါဘူး ...

ကျွန်မကတော့ စာအုပ်တွေမရှိရင် စာရေးမယ့်သူတွေ မရှိတော့ရင်ဆိုတဲ့ အတွေးတွေဝင်လာတိုင်း စိုးရိမ်မှုတွေ ဖြစ်လာရပါတယ်။ စာအုပ်တွေနဲ့ပတ်သက်ပြီး ဘာစာအုပ်တွေပဲဖြစ်ဖြစ် ကျွန်မဖတ်သလို နီးစပ်ရာ မိတ်ဆွေတွေကိုလည်းဖတ်ဖို့ တိုက်တွန်းပါတယ် ...



ဆရာစာအုပ်တွေကို သတိထားမိတာကတော့ ရိုးရှင်းတဲ့ဝါကျတည်ဆောက်ပုံနဲ့ ဖတ်လို့မပျင်းအောင် စွဲဆောင်ထားတဲ့ ဇာတ်ဖွဲ့စည်းပုံတွေကြောင့်ပါ ...

ကျွန်မ "တမလွန်စီရင်ချက်ထဲက ဝိညာဉ်မလေးရဲ့အမုန်းဆိုတဲ့ စာအုပ်မှာ ယောင့်စေ့အောင်တွေးထားရေးထားတဲ့ ဆရာ့ရဲ့ စာရေးခြင်းအတတ်ပညာကို သဘောအကျဆုံး ဖြစ်သလို လိုင်းတစ်လိုင်းထဲကနေ ဇာတ်တစ်ပုဒ်လုံးဖြစ်အောင် တည်ရေးသွားတဲ့ အလောင်းတင် ရထားကို သဘောမတူစရာ ဘဝင်မကျစရာတွေနဲ့ ကျွန်မနားလည်တဲ့ ယောင့်တစ်ခုကနေ ပွင့်လင်းတဲ့အတွေးနဲ့ ရေးထားလိုက်ပါတယ် ...

ဆရာဟာ ဇာတ်အစမှာ ရထားပေါ်လိုက်ပါမယ့် အဓိကဇာတ်ကောင်တွေရဲ့ စရိုက်လက္ခဏာတွေကို ရေးသားထားပါတယ်။ ဇာတ်အနေအထားအရ ဘယ်သူကအဓိကဇာတ်ကောင်မှန်းကို မသိဘူးဖြစ်နေတယ်လို့ ထင်ပါတယ်။

BURMESE CLASSIC

ရထားပေါ်မှာ မီးပျက်သွားတယ်။

ဘယ်ကမှန်းမသိတဲ့ အလောင်းကောင်ကြီးပြုတ်ကျလာတယ်။ အဲဒီအလောင်းကောင်ကြီးက ရထားတစ်တွဲလုံးကို ဒုက္ခပေးတော့မယောင်နဲ့ တကယ်သွားပတ်သက်တာက ရထားတွဲပေါ်လိုက်လာတဲ့လူတွေ ဖြစ်နေတယ် ...

သူတို့တွေ အလှည့်ကျ အလောင်းကောင်ကြီးကြောင့် ဒုက္ခရောက်နေကြတာ ဇာတ်ကွက်သိပ်ဆန်းနေတယ် ...

အချိန်ကြာလာတော့ တွဲပေါ်ကလူတွေရဲ့အသားမှာ သေတဲ့လူတွေထွက်တတ်တဲ့ အရည်မျိုးတွေထွက်လာတယ်။ မျက်လုံးတွေနီရဲလာတယ်။ အဲလို ချောက်ချားစရာတွေကို တစ်ဆင့်ချင်း ပုံဖော်ရေးသွားတဲ့ ဆရာ့ရဲ့ပညာကို လေးစားပေမယ့် အဓိပ္ပာယ်မရှိဘူးလို့ ပြတ်သားစွာပြောပါရစေ ... အမှန်ဆို ဆရာ အခုထက်ကောင်းအောင်ရေးနိုင်မှာပါ ...

www.burmeseclassic.com

www.burmeseclassic.com



အဓိကဇာတ်ကောင်လို့ ထင်ရတဲ့ (သူ့အခန်းအနည်းငယ်သာပါသည်) ထက်မာန်က ဘုတာကရထားစထွက်ထဲက လက်မှတ်မရလို့ တက်လိုက်သွားတဲ့တွဲက အလောင်းတွေ တင်ထားတဲ့တွဲဖြစ်နေတယ်လို့ ဆရာရေးထားတော့ အလောင်းတင်ရထားဆိုတဲ့နေရာမှာ အလောင်းတင်တွဲဆိုရင် ဇာတ်တစ်ခုလုံးကိုညွှန်းဆိုရာ ခေါင်းစဉ်က အဓိပ္ပာယ်ရှိတော့မှာပါလို့ တွေးထင်မိပါတယ် ... ဆရာ ...

ဆရာ အခုထက် ပိုမိုအဓိပ္ပာယ်ရှိပြီး ဘွဲ့ဆောင်မှုကောင်းကောင်းနဲ့ စာပိုရေးနိုင်ပါစေလို့ ...

*မှုယာဝင်*

*လှိုင်မြို့၊ မော်လမြိုင်။*





ဆရာ ဇိုးသူညှ ...

သမီးက စာဖတ်ရတာ ဝါသနာတစ်ခုဆိုတာထက် အလုပ်တစ်ခုကို လုပ်ရသလို သဘောထားပြီး စာဖတ်ဖြစ်တာပါ ...

ဂျာနယ်ပဲဖတ်ဖတ် ဘာယ်ဝတ္ထုအမျိုးအစားပဲဖတ်ဖတ် စိတ်ပါလက်ပါဖတ်ပြီး ဟာသုတရစရာ မှတ်သားစရာတွေဆို Note လေးတွေ ရေးထားတယ် ...

ပရလောကစာအုပ်တွေကို ဖတ်ဖြစ်တာကတော့ သူငယ်ချင်းတစ်ယောက် မျှော်လင့်ဘဲ ဆုံးသွားရာက မကျွတ်မလွတ်ဖြစ်ပြီး ခြောက်နေတယ်လို့ ကြားရာက ပရလောကနဲ့ပတ်သက်တဲ့ စာအုပ်တွေကို လေ့လာပြီး ဖတ်ခဲ့ပါတယ် ...

ဆရာရေးတဲ့စာအုပ်တွေကိုတော့ "သေမင်းဒိုင်ယာဂျ်ထဲကဝိညာဉ်မလေးနာမည်" စာအုပ်ကစလို့ ဖတ်ဖူးတာပါ၊ ဇာတ်ကောင်တွေကို သနားစရာ နင့်နေအောင် ဆရာရေးတဲ့ ရေးဟန်က ပရိသတ်ကို ပိုလို့ဆွဲဆောင်နိုင်တာလို့ထင်ပါတယ် ...

အလောင်းတင်ရထားကတော့ စကထဲက ထိတ်လန့်စရာအဖွင့်နဲ့စခဲ့ပေမယ့် ဇာတ်တစ်ခုလုံးနဲ့ယှဉ်ရင် အက်ရှင်ဇာတ်လမ်းပုံစံမျိုးဖြစ်နေပါတယ်။

သမီး နိုင်ငံခြား ပြန်ပေးဆွဲခံရတဲ့ ဇာတ်လမ်းမျိုးကို ကြည့်ခဲ့ဖူးတော့ ဆရာ စာအုပ်ဖတ်ရတာ အသည်းတော့ထိတ်ပါရဲ့ ကြောက်စရာကောင်းလို့ အသည်းထိတ်ရတာမျိုး ဟုတ်တော့ အရမ်းမျှော်လင့်ထားတာ အလကားဖြစ်ရတာပဲ ...

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်လမ်းအရ အဓိကဇာတ်ကောင်တွေမပါတာ ဆရာ့ရဲ့ ဆန်းပြားတဲ့ အတွေး တစ်မျိုးလား၊ အားရပါးရတည်လာတဲ့ ဇာတ်အိမ်ကြီးဟာ ရထားတွဲပေါ်မှာ ဘယ်က ရောက်လာမှန်းမသိတဲ့ အလောင်းကို ဝိုင်းကြောက်နေကြသလို ဖြစ်နေပါတယ် …

စာရေးတာနဲ့ ဇာတ်လမ်းကတော့ တော်တော်ဖတ်လို့ကောင်းပါတယ် …

သမီးဖြစ်စေချင်တာက ယုတ္တိရှိရှိနဲ့ အထိတ်တလန့်ဖြစ်အောင် ရေးမယ်ဆိုရင် ပိုကောင်းမယ်ထင်ပါတယ် … ဆရာ့ရဲ့ ရထားပေါ်က တစ်ဦးတည်းသော သက်ရှိလူသား ထက်မာန်ဟာ အဲဒီအဖြစ်အပျက်တွေကိုမြင်နေတာ မမြင်ဘဲနေတာလား သူက စိတ်အား လက်အားကိုနေနေတာ သူ့ရဲ့လှုပ်ရှားမှုလည်းမပါတော့ ဘယ်လိုနားလည်ရမှန်း မသိတော့ပါ ဘူး ဆရာရယ် …

ဆရာရေးတဲ့ စာအုပ်တွေဟာ တခြားပရလောကစာအုပ်တွေလို မကြောက်ရ ကြောက်ရအောင် အတင်းဆွဲရေးတာမဟုတ်ဘဲ စာဖတ်သူကို ရသအပြည့်ပေးနိုင်အောင် ဆရာ ကြိုးစားရေးတာကြောင့် လိုအပ်ချက်တွေကို ကိုယ့်အတွေးလေးနဲ့ထောက်ပြတာပါ …

မှန်တာပြောရရင် ကိုယ်အားပေးတဲ့ စာရေးဆရာ အမြဲတမ်း အားသာချက်တွေ ရှိစေချင်တဲ့ ဆန္ဒကြောင့် ဝေဖန်စာရေးဖို့လိုက်တာပါ …

ဆရာ့ကို အားပေးနေမယ်

လဝန်းပြုံးပြုံး

ဒုတိယနှစ်၊ စီးပွားရေးတက္ကသိုလ်(ရန်ကုန်)

(ရွာသာကြီး)





ဆရာဗိုးသုည … ခင်ဗျား

အခုလ ဆရာဝေဖန်ပေးဖို့ ဖိတ်ခေါ်ထားတာက အလောင်းတင်ရထားစာအုပ် ဆိုတော့ ကျွန်တော် စာအုပ်ကို သေသေချာချာစေ့စေ့စပ်စပ် ဖတ်ဖြစ်ပါတယ်။

ကိုယ်လိုတဲ့ထောင့်ကနေ အားနည်းချက် အားသာချက်တွေကို ဝေဖန်ဖို့ဆိုတာ အသေအချာလေ့လာမှ ဖြစ်မှာမဟုတ်လား။ ဆရာ ကျွန်တော် ဆရာ့စာအုပ်တွေကို ဖတ်ဖြစ် တာက ဖွားလောက်ကြီးကလောင်ခွဲဆိုတာကစလို့ စိတ်ဝင်တစားနဲ့ ဖတ်ဖြစ်တာပါ …

ရေးဟန်တူပေမယ့် ဇာတ်ဆင်ထားပုံချင်းကွဲလွဲနေတော့ ဖတ်ရတာ တစ်မျိုးဆီ အရသာရှိပါတယ်။ ဆရာ စာအုပ်တွေကို ဝေဖန်စာ ရေးသားကြတဲ့သူတွေရဲ့ ဝေဖန်စာကို ဖတ်ရတော့ အားနည်းချက်အားသာချက်တွေကို ကိုယ်ပိုင်အမြင်နဲ့ရေးကြတဲ့သူတွေကို ချီးကျူးပါတယ် …

ဆရာဗိုးသုည ဝေဖန်စာရေးပေးစေလိုတဲ့စာအုပ်က "အလောင်းတင်ရထား"

အရင်ကရေးခဲ့တဲ့ စာအုပ်တွေနဲ့ ဇာတ်ဖွဲ့စည်းပုံကတော့ လုံးဝမတူပါဘူး။ ဇာတ်ကောင်တစ်ဖွဲ့ချင်းစီရဲ့ စရိုက်နဲ့ သူတို့နေထိုင်ရပ်တည်ပုံကို တစ်ကွက်ချင်းသုံးဖော်ထားပါ တယ်။

အားလုံးဟာ သူတို့စီးမယ့် မီးရထားပေါ်ရောက်လာကြပြီး မမျှော်လင့်ဘဲ အတော် အစားထုပ်တွေတင်ထားတဲ့ စင်ပေါ်ကကျလာတဲ့ အလောင်းကြောင့် အထိတ်တလန့် ဖြစ်ကြပုံ ကို လှလှပပရေးထားတာပါ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ ... စာအရေးအသားနဲ့ ဇာတ်လမ်းက စွဲဆောင်မှုရှိပေမယ့် နောက်ပိုင်း ဇာတ်အချုပ်မှာ အခုရေးတာထက် ပိုပြီး စေ့စေ့ရေးရင် ပိုကောင်းမယ်လို့ထင်ပါတယ်။

ဆရာဗိုးသုည ... ခင်ဗျား

မီးရထားထဲမှာ တဆွေမတော်ဘဲ လိုက်ပါလာသူရဲ့အခန်းတွေကမှ မပါ,ပါဘူး။ ဇာတ်အသိမ်းရောက်မှ စွဲယူရေးလိုက်တော့ ဖတ်ရတဲ့ ကျွန်တော့်အဖို့ ဘယ်လို နားလည်ရမှန်းမသိတော့ပါဘူး။

အလောင်းပေါ် လူကျလို့ ဗိညာဉ်စီးသွားတဲ့အခန်းတွေဆို ထိတ်လန့်စရာကောင်းပေမယ့် တချို့အခန်းတွေမှာတော့ ဗိညာဉ်စာအုပ်ဖြစ်ပါလျက် ဒုက္ခသည်တွေကို ကူညီပေးမသလို ဖြစ်နေပါတယ်။

ဘယ်လိုပဲ ဖြစ်ဖြစ်ပါ ...

ဇာတ်ကောင်တစ်ရုပ်ချင်းစီရဲ့ စရိုက်အသွင်အပြင်ကို ပီပီပြင်ပြင် ရေးထားတာကိုတော့ ချီးကျူးပါတယ် ...

ဆရာ စာအုပ်ကို အခုထက် စိတ်ရှည်ရှည်နဲ့ ပိုရေးနိုင်ရင် ကောင်းမယ်လို့ယူဆရင် စေတနာကောင်းနဲ့ ဝေဖန်အကြံပြုလိုက်ပါတယ်ခင်ဗျား ...

ကိုမျိုးစစ်ဝေ
ပန်းတစ်ရာစာပေ
မကွေးမြို့။

## ပါဝင်သောအခန်းများ


အခန်း ၁။ ဗိညာဉ်အမှာစကား
အခန်း ၂။ စိမ်းလဲ့မြိုင်စံအိမ်
အခန်း ၃။ ညကြီးတစ္ဆေ
အခန်း ၄။ ဝေဒနာသည်ရဲ့ဒေါသ
အခန်း ၅။ ဗိညာဉ်လာတဲ့ည
အခန်း ၆။ ခေါ်သွားမယ်
အခန်း ၇။ တစ်ထပ်ထဲ
အခန်း ၈။ ကိုယ့်အုတ်ဂူ
အခန်း ၉။ ဗိညာဉ်စံအိမ်လာတဲ့ဧည့်သည်
အခန်း ၁၀။ သတိလာပေးခြင်း
အခန်း ၁၁။ လွှမ်းမိုးခံဗိညာဉ်


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| အခန်း | ၁၂။ | ပန်းချီကားရှေ့ကတောက်ခေါက်သံ |
| အခန်း | ၁၃။ | အစိမ်းစားပွဲ |
| အခန်း | ၁၄။ | ထွက်ခွင့်ပေးပါ |
| အခန်း | ၁၅။ | သေသွားပြီးပြီ |
| | | နိဂုံး |


## အခန်း (၁)
## ပီညာဉ်အမှာစကား

ညဥ့်အမှောင်ကမည်းမှောင်လို့နေလေပြီ ... အခန်းတံခါးကို အသံမပြည်အောင်အသာအယာထိန်း၍ အခန်းအပြင်သို့ ထွက်လာရာ မည်းမှောင်နေသော အိမ်ရှေ့ဧည့်ခန်းသွားရာလမ်းကို ကြည့်လိုက်ရာ ...

"ဟင်"

ပုံရိပ်တစ်ခု ...

ထိုပုံရိပ်က မှောင်နေသော အခန်းထဲမှာအဖြူရောင် ပုံသဏ္ဍာန်ထင်းလို့နေ၏။ သေးသေးကွက်မှာတော့ အနီအငွေ့တွေ လျှံတက်နေသလို အခန်းတစ်ခုလုံး ပြည့်နှက်နေ၏။

"မေမေ ..."

နှုတ်ဖျားကခေါ်လိုက်တဲ့အသံက တိုးတိုးလေး ...

စုပြည့် ခြေလှမ်းတွေ မေမေရှိရာကို တစ်လှမ်းချင်း တိုးကပ်လို့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးကလည်း လုံးဝမျက်တောင်မခတ်မိ။ လှမ်းလိုက်သည့် ခြေလှမ်းတို့က အညင်သာဆုံး လှမ်းလာခြင်းဖြစ်သည်။

သူ့ကို အလွန်ရက်စက်ခဲ့တယ်လို့ လူတွေပြောတဲ့မေမေ သူ့ကို ဂရုမစိုက်မကြင်နာ ... အရာရာမှာ တစ်ကိုယ်ကောင်းဆန် အတ္တကြီးလွန်းတဲ့ မေမေ

အခု ... သူ့ကိုလက်ယပ်ခေါ်နေပြန်တယ် ...

"ဟင်"

မေမေက သူ့ကိုကြည်ကြည်လင်လင်ပြုံးပြတာကြောင့် သူအံ့ဩသွားသည်။

မေမေ့ဆီမှာတွေ့ရခဲသည့် အပြုံးတစ်ပွင့်ကိုတွေ့လိုက်တော့ သူရင်ထဲ အတိုင်းမသိကျေနပ်သွား၏။

မေမေရပ်နေသည့်နေရာက စည့်ခန်းနံရံကိုကပ်ထားလျက် ရပ်နေတာဖြစ်ပြီး သူ့ဘေးမှာတော့ မေမေအရမ်းမြတ်နိုးခဲ့ပါသည်ဆိုသည့် ဧည့်ခန်းတွင် အလှစိုက်ပန်းအိုးများ ...

အို ... လှလိုက်တာမေမေရယ် ... မေမေတကယ်လှတာပါ။ သူ မေမေရဲ့ချောမောလှပမှုတွေအတွက် သူအမြဲဂုဏ်ယူခဲ့တာပါ ...

ပန်းပွင့်တွေကြားမှာ ရပ်နေတဲ့နတ်သမီးလေးတစ်ပါးလို လှပလွန်းတဲ့ မေမေရှေ့နားကို သူတိုးကပ်လို့သွားပြီး အနားရောက်တော့ လေသံတိုးတိုးနှင့်

"မေမေ ..."

သူ့ရဲ့အသံတွေက အနည်းငယ်တုန်ချင်နေသည်။

သို့သော် ...

---





သူ့ချစ်သော မေမေရဲ့မျက်နှာကို ချစ်ခြင်းများစွာနှင့် ကြည့်လိုက်ရာ မေမေက ...

"စုပြည့် ... နင့်ကိုငါမှာတာလုပ်ပြီးပြီလား"

"ရှင် ..."

စုပြည့်ရဲ့မျက်လုံးလေးဝိုင်းသွားသည်။ မေမေရဲ့မျက်နှာ ချက်ချင်းတည်၍ ပြောင်းသွားပြန်သည်။

မာထန်နေသော မေမေရဲ့မျက်နှာကြောင့် စုပြည့်ရဲ့ အသားလေးတွေ တုန်ချင်နေသည်။

"နင့်ကို ငါသေသေချာချာမှာထားတယ်လေ၊ ဦးစောအောင်ဘွားသောက်မယ့်နွားနို့ခွက်ထဲကို အဆိပ်ရည်ထည့်ပါလို့ ..."

"စု ... စုပြည့်"

"တော် ... နင် ငါမှာတာမလုပ်ဘူး"

"မေ ... မေမေ"

စုပြည့် ကြမ်းပြင်ပေါ်ဒူးထောက်ကာထိုင်ချလိုက်သည်။ မေမေက–

"နင် ... ငါ့ကိုမေမေလို့မခေါ်နဲ့၊ နင်ဟာ ငါ့သမီး မဟုတ်ဘူး"

"ဟင့် ... ဟင့်"

စုပြည့်ရဲ့ပါးပေါ်မှမျက်ရည်တို့ လိမ့်ဆင်းကာကျလာ သည်။

"ဦးစောအောင်ဘွားကို ငါဘယ်လောက်မုန်းလဲ နင် သိတယ်မလား။ ဒင်းကိုငါသေစေချင်တာ ... ဒင်းကမသေဘဲ ငါသေခဲ့ရတယ်လေ"

"မေမေ ..."

"အေး ... နင်ငါ့ကို အမေတစ်ယောက်လို သဘောထားတယ်ဆိုရင် ဦးစောအောင်ဘွားကိုသေအောင်သတ်"

---



www.burmeseclassic.com

www.burmeseclassic.com

"ရှင် ..."

မေမေရဲ့ သေအောင်သတ်ဆိုတဲ့စကားလုံးက ပဲ့တင်ထပ်လို့နေသည်။ စုပြည့်လည်း နားနှစ်ဖက်ကို လက်နှင့်ပိတ်ကာ ခေါင်းကိုခါရမ်းလိုက်၏။

"စုပြည့် ..."

မေမေခေါ်သံကြောင့် စုပြည့်မော့ကြည့်လိုက်ရာ ...

"ဟင် ..."

မေမေရဲ့မျက်နှာက တဖြည်းဖြည်းပြောင်းလဲလာသလို အနီးအငွေ့တို့ကလည်း တဖြည်းဖြည်းလျော့ပါးလာသည်။

မျက်နှာကကြောက်စရာ အသွင်သဏ္ဌာန်ဖြစ်လာသလို ဆံပင်ရှည်တို့လေတိုက်သလို လွင့်တက်လို့နေသည်။

ထိုစဉ် ...

"ဒေါင် ... ဒေါင် ..."

တိုင်ကပ်နာရီချိန်သီးကြီးက ဆယ့်နှစ်ချက်ထိုးသံတိတိ ထွက်လာရာ မေမေက ကျယ်လောင်သောအသံကြီးဖြင့် ...

"စုပြည့် ... ဦးစောအောင်ဘွားကို သတ်ဖြစ်အောင်သတ်ပါ"

အော်လျက်ပျောက်ကွယ်သွားသော အနီးအငွေ့များနှင့် အတူ မေမေရဲ့ပုံရိပ်သည်လည်းပျောက်ကွယ်သွားရာ စုပြည့်က ...

"မေမေ ..."

အားရပါးရဟစ်အော်လိုက်သော်လည်း ... အခန်းထဲတွင် လုံးဝပျောက်ကွယ်လို့သွားတော့သည်။

***



"သမီး ... သမီး ..."

ကိုထက်ဇော်က ညှော်ခန်းထဲလဲကျနေသော စုပြည့်အား ပြေး၍ပွေ့လိုက်သည်။ သူ့သမီးလေးရဲ့ ပါးပေါ်မှာလည်း မျက်ရည်တွေရွှဲလို့နေသည်။

"သမီး ..."

ကိုထက်ဇော် စိုးရိမ်စွာထပ်ခေါ်လိုက်သည်။ ထိုအချိန်တွင် ...

"မြေးမလေး ... ဘာဖြစ်ပြန်ပြီလဲ ... လူလေး"

ဦးအိုက်လုံတစ်ယောက် ညှော်ခန်းထဲဝင်လာပြီး ကိုထက်ဇော်ပွေ့ထားသည့် စုပြည့်အား၍ မတ်တတ်ရပ်ကာမေးလိုက်သည်။

"အရင်အခါတွေလိုပဲနေမှာပေါ့"

"ရော့ ... လူလေး ... ဒီရှူဆေးလေးနှာဝတေ့ထားပေးလိုက်"

ကိုထက်ဇော်က ဦးအိုက်လုံပေးသည့် ရှူဆေးကို စုပြည့်၏နှာခေါင်း၌တေ့ပေးလိုက်ရာ ခဏကြာတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ဟင်း ... "

"သမီး ... သမီး ... သတိရပြီလား"

စုပြည့်ရဲ့မျက်လုံးတဖြည်းဖြည်းပွင့်လာသည်။

"ဖေဖေ ... "

"ဟင် ... သမီး"

စုပြည့်က ကိုထက်ဖော်ပွေ့ထားရာမှ အသာထထိုင်သည်။

"ဖေဖေ ... မေမေ့ကို သမီးညွှေ့ခန်းမှာတွေ့တယ်"

"ဟင် ... "

"မေမေ့ပုံက တဖြည်းဖြည်းကြောက်စရာကောင်းလာတယ် ဖေဖေ"

"သမီး ... "

ကိုထက်ဖော်က သူ့သမီးစုပြည့်ကိုကြည့်၍ စိုးရိမ်သွားသည်။

"သမီး တကယ်ပြောတာဖေဖေ ... မေမေက ဒီအခန်းထဲမှာရှိနေတယ် သမီးတို့ပြောတာလည်းမေမေကြားမှာ ဖေဖေရဲ့ ... "

"သမီးရယ် ... သမီးမေမေ ဆုံးသွားတာ ရက်တောင်လည်ပြီးပြီ၊ သမီး အစွဲကြီးမထားနဲ့နော်"

စုပြည့်က သူ့ဖေဖေကိုထက်ဖော်ကို မျက်လုံးအစိုင်းသားဖြင့် ကြည့်နေသည်။

ဦးအိုက်လုံကဝင်၍ ...

"သမီး ... မနက်ကျောင်းတက်ရဦးမယ်မလား ... အိပ်တော့နော်"

"ဟုတ် ... "





စုပြည့်က ခေါင်းညိတ်ပြသည်။ ပြီးတော့ မတ်တတ်ရပ်လိုက်ပြီး ...

"သမီး သွားအိပ်တော့မယ် ဖေဖေ ... "

"အေး ... အေး"

စုပြည့်က သူ့အခန်းဆီသို့ထွက်သွားတော့ ကိုထက်ဖော် သက်ပြင်းကိုချလိုက်သည်။ ဦးအိုက်လုံက ခေါင်းကိုခပ်လေးလေး ရမ်းလိုက်ပြီး ...

"သမီးက သူ့မေမေကို တအားချစ်ခဲ့တော့ အခုလိုမျိုးဖြစ်တာပေါ့ လေ"

ပြော၍ ညွှေ့ခန်းထဲကထွက်သွားရာ ကိုထက်ဖော်ကတော့ ဆိုဖာ ထိုင်ခုံပေါ် ခြေပစ်လက်ပစ်ထိုင်ချလိုက်လေတော့သည်။

***



www.burmeseclassic.com

www.burmeseclassic.com

အစိုးကို အုပ်မိုးနေတာဆိုပြီး အနားမကပ်ရဲတဲ့
မိန်းကလေးတစ်ယောက်အား . . .



## အခန်း (၂)

## စိမ်းလဲ့မြိုင် စံအိမ်

စိမ်းလဲ့မြိုင်စံအိမ်တော် ...

ရန်ကုန်ပဲခူးလမ်းမကြီးဘေးမှာရှိသည့် ကြီးမားကျယ်ပြန့်လှသည့် ခြံကျယ်ကြီးထဲမှာ နန်းတော်ကြီးတစ်ခုလို ဆောက်လုပ်ထားသည်။ ကားလမ်းမဘေးကဝင်လျှင် မိုင်ဝက်လောက် ဝင်ရသလိုခြံကျယ်ကြီးထဲမှာလည်း မရမ်း၊ သရက် ပိန္နဲ၊ အုန်း စတဲ့ သီးပင်တို့ကို စနစ်တကျစိုက်ပျိုးထားသည်။

မြေကလည်း သဲဆန်တဲ့မြေနှင့်မြေနုတို့ ရောစပ်ထားတာကြောင့် စိုက်ပျိုးရ အလွန်ဖြစ်သည်။

သို့သော် ...

စိမ်းလဲ့မြိုင်စံအိမ်တော်က စိုက်ပျိုးရေးကိုဂရုတစိုက်ဝင်စားတာ မဟုတ် သူတို့ပိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေ မြို့ပေါ်မှာ အများကြီးရှိသည်။ စိမ်းလဲ့မြိုင်စံအိမ်တော်ရဲ့ အရှင်သခင်မှာ ဦးစောအောင်ဘွားဖြစ်ပြီး သူ့ဇနီးမှာ ဒေါ်နန်းသင့်မြိုင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရဲ့ တစ်ဦးတည်းသောသားမှာ ကိုထက်ဖော်ဖြစ်သည်။

ကိုထက်ဖော်က အင်္ဂလန်နိုင်ငံမှဘွဲ့တစ်ခုရခဲ့ပြီး သူ့မိဘပိုင် လုပ်ငန်းဘို့ကို ဦးစီးလုပ်ကိုင်သည့် အချိန်မှစ၍ ဦးစောအောင်ဘွားမှာ စီးပွားရေး လုပ်ငန်းထဲ ဝင်မပါတော့ ...

စီးပွားရေးလုပ်ငန်းမှာ ယုံကြည်စိတ်ချရသည့် လူယုံ မန်နေဂျာများစွာ ရှိနေသလို စိမ်းလဲ့မြိုင်စံအိမ်တော်ရဲ့ ဘဏ္ဍာထိန်းလည်းဖြစ် လူယုံကြီး လည်းဖြစ်တဲ့ ဦးအိုက်လုံကတော့ ဒီအိမ် ကြီးမှာဩဇာအာဏာထက်သူလည်း ဖြစ်သည်။

စုပြည့်ထက်ဖော်ဆိုတဲ့ ဦးစောအောင်ဘွား ဒေါ်နန်းလှဲ့ မြိုင်တို့ရဲ့မြေးက တော့ စိမ်းလဲ့မြိုင်စံအိမ်တော်ရဲ့ တစ်ဦးတည်းသောမျိုးဆက်ဖြစ်သည်။

ဦးစောအောင်ဘွားနှင့်ဒေါ်နန်းလှဲ့မြိုင်တို့နှစ်ဦးလုံးမှာ အလွန် စကား နည်းသူများဖြစ်ပြီး မလိုအပ်ဘဲစကားမပြောကြ။ သူတို့၏သား ကိုထက်ဖော် ကတော့ အားလုံးအပေါ် လိုက်လိုက်လှဲလှဲဆက်ဆံတတ်သည်။

ကျယ်ဝန်းလှသော စိမ်းလဲ့မြိုင်စံအိမ်တော်ဝင်းထဲတွင် အလုပ်သမား ပေါင်းများစွာရှိသော်လည်း သူတို့အားလုံး စံအိမ်တော်ပေါ်မှာအိပ်ခွင့်မရှိကြ အလုပ်သမားများအတွက် သီးသန့်ဆောက်ပေးထားသောအိမ်များ တန်းလျား များမှာအိပ်ကြရသည်။

အလုပ်သမားအများစုမှာ ခြံအလုပ်သမားများဖြစ်ကြပြီး စိမ်းလဲ့မြိုင် ခြံကြီးကို သေသပ်လှပအောင် ပြုပြင်ပေးကြသည်။ စံအိမ်တော်ပေါ်မှာတော့ ဒေါ်ဖွားရှင်က အလုပ်သမား ကောင်မလေး,လေးယောက်နှင့် အိမ်မှုကိစ္စတို့ကို ဝိုင်းဝန်းလုပ်ဆောင်သည်။





အရာရာမှာစည်းစနစ်ကျလှသော စိမ်းလဲ့မြိုင်စံအိမ်တော်ကြီးမှာ တစ်ချိန်ကရှိခဲ့သော အမုန်းတွေအညှိုးတွေနှင့် တမလွန်ရောက်သွားသည့် ထိပ်ပန်းစံတစ်ယောက် သူ့မကျေနပ်မှုတွေကို စိမ်းလဲ့မြိုင်စံအိမ်တော်ကို လက်စားချေနေတာလားဟု ထင်မှားစရာဖြစ်ရသည်။

"ဖေဖေ ... သမီးကျောင်းသွားတော့မယ် ..."

"အေး ... အေး ... ဦးစောအောင် လိုက်ပို့မှာမလား သွားလေ သမီး"

"ဟုတ်ကဲ့ ..."

စုပြည့်က ကားပေါ်တက်ထိုင်ရင်းပြောတော့ ကိုထက်ဖော် သမီးဖြစ်တဲ့ စုပြည့်ကို လက်လှမ်းပြသည်။

အလွန်လိမ္မာတဲ့သမီးလေး။ မိဘအပေါ် သိတတ်လွန်းသလို အရာရာ မှာနားလည်သိတတ်မှုများစွာကြောင့် တစ်အိမ်လုံးက အချစ်ပိုပေမယ့် ထူးထူး ခြားခြား သမီးလေးကအဘိုးဖြစ်တဲ့ ဦးစောအောင်ဘွားကို ရောရောနှောနှော မနေ။ ငယ်စဉ်တည်းက အချိုမခံ ချိုလိုက်တာနှင့်ငိုတော့သည်။

"လူလေး ... အလုပ်သွားဖို့ပြင်တော့လေ"

"ဟုတ်ကဲ့ ... ဦးအိုက်လုံ ..."

ကားထွက်သွားရာကိုငေးကြည့်နေသည့် ကိုထက်ဖော်အား ဦးအိုက် လုံက သတိပေးလိုက်သည်။

အိမ်အနောက်ဘက်ဝင်ရန် ဟန်ပြင်ပြီးမှ ကိုထက်ဖော်က ...

"ဦးအိုက်လုံကိုစကားပြောစရာရှိလို့ ..."

"ဘာပြောမလို့လဲ လူလေး"



www.burmeseclassic.com

www.burmeseclassic.com



ဦးအိုက်လုံက ညှော်ခန်းဆိုဖာခုံတွင်ဝင်ထိုင်တော့ ကိုထက်ဇော်ကလည်း မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်သည်။

"သမီးရဲ့ အခြေအနေက ဘယ်လိုလဲ ဦးအိုက်လုံ သူပြောသလို သူ့အမေ ဒီအိမ်ကြီးမှာ တကယ်ရှိနေလား ..."

"ဟင်း ... ခက်တယ်၊ လူလေးရယ် ထိပ်ပန်းစံသေခဲ့တာလည်း"

ဦးအိုက်လုံရဲ့စကားလုံးတို့က ရပ်တန့်သွားသည်။

"သမီးက သူ့အမေကို တွေ့တွေ့နေတယ်ဆိုတော့ ကြာရင် ... သမီးလေးအတွက် စိုးရိမ်စရာအခြေအနေ ဖြစ်လာနိုင်တယ်"

"ဦးအိုက်လုံ အကြံပေးချင်တာက သမီးလေးကို သူငယ်ချင်းတွေနဲ့ ပျော်အောင်ထား စိတ်လွတ်လပ်တဲ့အခါ ချောက်ချားစရာကိစ္စတွေမေ့သွားမှာပေါ့"

ကိုထက်ဇော်က လေးနက်စွာတွေးလိုက်ပြီး ... -

"ခုဆို ... သမီးလေးက ဆယ်တန်း အသက်က ဆယ့်ခြောက်နှစ်ပြည့်တော့မယ်၊ အပေါင်းအသင်းတွေနဲ့ ပျော်အောင်ထားရင် ပညာရေးထိခိုက်သွားမလား"

"ပညာရေးဆိုတာလည်း စိတ်ပျော်ရွှင်မှုဖြစ်တာမလား။ တစ်ယောက်တည်း အထီးကျန်နေရတော့ စိတ်တွေက တစ်မျိုးဖြစ်နေတာပေါ့"

"အင်းလေ ... သမီးကိုလည်း စိတ်လွတ်လပ်ဖို့ အခွင့်အရေးပေးရမယ်"

ကိုထက်ဇော်ကပြော၍ ထိုင်ရာမှထကာ ရေချိုးအဝတ်အစားလဲရန် အခန်းထဲသို့ဝင်သွားသည်။





ဦးအိုက်လုံက အိမ်အပေါ်ထပ်သို့တက်လာပြီး အခန်းတစ်ခုရှေ့သို့ ရောက်လာသောအခါ အခန်းတံခါးကိုအသာတွန်း၍ ဝင်လာခဲ့သည်။

"သခင်ကြီး ... နေသာရဲ့လား"

ဦးအိုက်လုံက ခြေထောက်နှစ်ဖက်ကို စုံ၍ပေါ်ကာ ရိုသေစွာ မေးလိုက်သည်။

ခုတင်ပေါ်ရှိ အိပ်ရာကြီးပေါ်တွင် ပက်လက်အနေအထားဖြင့် ရှိနေသည့် ဦးစောအောင်ဘွားက ခေါင်းညိတ်ပြသည်။

"သခင်ကြီး ဒီနေ့ဘာအလိုရှိပါသလဲ"

" ... "

ဦးစောအောင်ဘွားက ခေါင်းကိုရမ်းပြတာကြောင့် ဦးအိုက်လုံကခေါင်းကို အသာညိတ်ကာ အရိုအသေပြုပြီး အခန်းထဲကပြန်၍ထွက်လာခဲ့တော့သည်။

***



www.burmeseclassic.com

www.burmeseclassic.com

"နင်ပြောပုံအရ နင့်တို့အဘိုးက ဆုံးသွားပြီ ဟုတ်လား ... စုပြည့်"

"အင်း ... "

စုပြည့်က သူ့ခေါင်းလေးကိုညိတ်ပြလိုက်သည်။ သန္တာက ...

"ဟုတ်ရောဟုတ်ရဲ့လားဟယ် နင့်အမေကနင့်အဘိုးကို အရမ်းမုန်းလို့ အဲလိုပြောပြခဲ့တာနေမှာပါ"

"အဘိုးက နေ့ဘက်လည်း အပြင်မထွက်ဘူး ... ဘယ်သူနဲ့မှလည်း စကားမပြောဘူး၊ သူ့အခန်းထဲတောင် အဘ ဦးအိုက်လုံရယ်၊ အဘွားရယ်၊ ဖေဖေရယ်ပဲဝင်ရတာ"

"အဲလိုဆို ... နင့်အမေက နင့်အဘိုးကို ဘာလို့ သတ်ချင်နေလဲ"

စုပြည့်ကအဝေးတစ်နေရာဆီသို့ကြည့်၍ ...

"အဘိုးကအရှင်းဆုံးပြောရရင် အပမှီနေတာ မကောင်းဆိုးဝါး ကပ်နေတာပေါ့ဟာ အမေကအဘိုးရဲ့ဝိညာဉ်ကို တမလွန်ကို အပို့ခေါ်ချင်တာ အဲဒါကြောင့် ... ငါ့ကိုနှိုင်းတာ"





"နင်တို့အိမ်ကြီးကလည်းကြောက်ဖို့ကောင်းလိုက်တာ ဘာတွေမှန်းလည်း မသိဘူး ... "

သန္တာက စိတ်ပျက်လက်ပျက်ညည်းညူလိုက်သည်။ စုပြည့်ကတော့ စကားကိုတစ်လုံးချင်းနှင့် ...

"အဘွားကတော့ပြောတယ် ... အဘိုးနေတဲ့အခန်းကို တစ်ယောက်တည်း ဘယ်တော့မှမသွားနဲ့တဲ့"

"ဘာလို့လဲ စုပြည့် ... "

"မသိပါဘူးဟာ ... အဘိုးငါ့ကိုတစ်ခုခုလုပ်မှာစိုးရိမ်လို့နေမှာပေါ့"

"နင့်နေရာမှာ ငါသာဆိုနေရဲမှာမဟုတ်ဘူး၊ သေသွားတဲ့ နင့်အမေနဲ့ နင်နဲ့လည်း အမြဲတွေ့ အဘိုးကလည်းဘာမှန်းမသိ ပြီးတော့ခြံအကျယ်ကြီးထဲက နင်တို့အိမ်ကြီးက သရဲတစ္ဆေတွေ နေနေသလိုပဲ"

သန္တာရဲ့မှတ်ချက်စကားက ပြင်းထန်ပေမယ့် စုပြည့်က ဘာမှ ပြန်မပြောဘဲ ငြိမ်နေလိုက်သည်။ သူ့မှာလည်း ပေါင်းစရာ အပေါင်းအသင်းက အများကြီးရှိတာမဟုတ် ...

သန္တာတစ်ယောက်တည်းသာ သူ့လိုအေးစက်စက်လူတစ်ယောက်ကို ပေါင်းတာကြောင့် သန္တာကိုတောင် ကျေးဇူးတင်မိသည်။

မနက်ကျောင်းတက်ချိန်နီးလျှင် ဒရိုင်ဘာက ကျောင်းဝတွင်ချပေးကာ ကျောင်းပြန်လျှင်ကျောင်းဝမှာလာကြိုသည်။ စုပြည့်အတွက် ပြင်ပဗဟုသုတဆိုတာ ဘာမှန်းမသိ။

မေမေရဲ့ တင်းကျပ်တဲ့ စည်းစနစ်တွေအောက်မှာ ကြီးပြင်းခဲ့ရသလို



www.burmeseclassic.com

www.burmeseclassic.com



မေမေရဲ့ဩဇာ – မေမေရဲ့အမိန့်တွေက သူ့ရုပ်တည်မှုအတွက် သံပတ်ပေးထားတဲ့ အရုပ်တစ်ရုပ်လို ဖြစ်ခဲ့ရသည်လေ ...

ဖေဖေကတော့ သူ့အပေါ်မှာနားလည်မှုရှိသလို အရာရာမှာ နွေးနွေးထွေးထွေးဆက်ဆံသည်။

ကုန်းဘောင်အနွယ်တော်တွေရဲ့သွေး အပြည့်ပါသော မေမေထိပ်ပန်းစံက သွေးကြီးသူပီပီ မာန်ကလည်းကြီးလှ၏။ ဘယ်သူ့ကိုမှ မတူသလို မတန်သလို ဆက်ဆံတာကြောင့် အနေအထိုင်က သီးခြားဆန်လွန်းလှသည်။

ဖေဖေရဲ့ အဖေ၊ အမေတို့နှင့်တစ်အိမ်တည်းအတူနေသော်လည်း တစ်သီးတစ်ဘာသာနေတဲ့ မေမေနှင့်ဆက်ဆံရေးက အလှမ်းဝေးလှသည်။

မေမေရဲ့စိတ်သဘောကိုမကြိုက်တာကြောင့် ဘိုးဘိုးဘွားဘွားတို့ ခပ်ကင်းကင်းနေတာကြောင့် စုပြည့်လည်း တစ်ယောက်တည်း အထီးကျန်ခဲ့သည်လေ။

***

ခိုရှင့်အောင်ဆာဝေ

အရိပ်မည်းကြီးက မှောင်မည်းနေသော အခန်းထဲ
ဝင်လာခဲ့လေရဲ့ . . .

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

## ညကြီးတစ္ဆေ

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်လို့နေသည်။ အေးစက်နေသော ရာသီဥတုကြောင့် ချမ်းစီးလွန်းလှ၏။

ထိုစဉ် ...

"ရှပ် ... ရှပ် ... ရှပ်"

ခြေသံကိုကြားရတာကြောင့် စာကျက်နေသည့် စုပြည့် နားကို စွင့်လိုက်၏။

"ရှပ် ... ရှပ် ... ရှပ်"

စုပြည့် ဖတ်လက်စစာအုပ်ကိုဘေးသို့ချကာ မတ်တတ် ထရပ်လိုက်ပြီး စားပွဲရှေ့ကထကာ အခန်းဝဆီသို့လျှောက်လာ၏။

"ကျွိ ..."

အခန်းတံခါးကိုအသာတွန်း၍ အခန်းအပြင်ဘက်သို့ ကြည့်လိုက်သောအခါ ...



"ဟင် ..."

အမှောင်လမ်းမှာတရွေ့ရွေ့သွားနေသည့် မဲမဲသဏ္ဍာန် ပုံရိပ်တစ်ခုကို လှမ်းတွေ့ရ၏။

"အဘိုးလား ... မသိဘူး"

စိတ်ထဲသံသယဖြစ်သွားတာကြောင့် နောက်မှ လိုက်ကြည့်ချင်စိတ်တွေ ဖြစ်ပေါ်လာသည်။

အဘိုးက လွန်ခဲ့တဲ့နှစ်မှစ၍ ပြင်းထန်သော ကားတိုက်မှုကြောင့် အောက်ပိုင်းသေခဲ့သည်။ အပြင်သို့ထွက်တဲ့အခါမှာ ဝှီးချဲကိုအားပြုကာထွက်ရသည်။

အခု _ စုပြည့်တွေ့လိုက်ရတာက အဘိုးတစ်ယောက် လမ်းလျှောက်နေသည်။

"ငါ _ လိုက်ကြည့်ရင်ကောင်းမလား"

စုပြည့်စိတ်ထဲက တွေးလိုက်ပြီး၊ နောက်ကလိုက်လာရာ အဘိုးတစ်ယောက်အိမ်အနောက်ဘက် ထမင်းစားခန်းဆီသို့ ဦးတည်သွားမှန်း စုပြည့်သိလိုက်၏။

"အဘိုး _ ဘာလုပ်မလို့လဲ"

တစ်အိမ်လုံးက အိပ်မောကျလို့နေသည်။ သူ့အပါအဝင် အဘိုးရဲ့ အခြေအနေကိုတစ်အိမ်လုံးသိထားတာက အဘိုး လုံးဝလမ်းမလျှောက်နိုင်ခြင်းဖြစ်သည်။

စုပြည့်ခြေလှမ်းကိုဖွဖွနင်းကာ ထမင်းစားခန်းနားသို့ ကပ်လိုက်ရာ –



www.burmeseclassic.com

www.burmeseclassic.com

"ငွမ် ..."

"ဂလုံ ..."

"ငွမ်း ..."

ပန်းကန်နှင့်အိုးတို့ကျကွဲသံကို ကြားလိုက်ရသည်။

"ဟင်"

ထမင်းစားခန်းတံခါးပြန်ပွင့်လာတာကို စုပြည့်တွေ့ရသဖြင့် အခန်းထောင့်ကျိုးတစ်ခုတွင်ဝင်ပုန်းလိုက်စဉ် အဘိုးမှာ ခြေလှမ်းသွက်သွက်နှင့်လှမ်းလာပြီး သူပုန်းနေရာကိုကျော်လို့သွား၏။

စုပြည့် ကြည့်နေရင်းမှပင် အပေါ်ထပ်တက်ရာ လှေကားအတိုင်းအဘိုးတက်လို့သွား၏။

စုပြည့်လည်း သူ့အခန်းထဲပြန်ဝင်လာပြီး စာကြည့်စားပွဲတွင်ပြန်ထိုင်သည်။

"အဘိုး ... ဘာလို့အဲလိုနေတာလဲ ခြေထောက်က အခုလိုသွားလာနေတာအကောင်း ... ဘာတွေလဲ"

တစ်ယောက်တည်းထိုင်တွေးနေသည်။ ထမင်းစားခန်း ထဲကကျကွဲသံတွေက ဘာသံတွေလည်းဆိုတာ စဉ်းစားမရ ...

"သမီး ... ခုန ... ဘာသံလဲ"

"ဟင် ..."

အခန်းဝက ဦးအိုက်လုံရဲ့မေးတဲ့အသံကြောင့် စုပြည့် လန့်သွားသည်။ လှမ်းကြည့်လိုက်တော့ အဘဦးအိုက်လုံက အခန်းဝတွင်ရပ်လို့နေသည်။

"မသိဘူး အဘ ... သမီးအခန်းထဲမှာစာကျက်နေတာ"





စုပြည့် အဘဦးအိုက်လုံကိုလိမ်၍ပြောလိုက်သည်။

"အေး ... ထမင်းစားခန်းထဲမှာ ပန်းကန်တွေ ကျကွဲသံကြားလို့"

"ကြောင်တိုက်တာလားမှမသိတာ ..."

အဘိုးကိုသူတွေ့တာကို အဘဦးအိုက်လုံမသိစေလိုတဲ့ ဆန္ဒကြောင့်လည်း ဖြစ်သည်။

"သမီးလည်း ညဉ့်နက်အောင်စာကြည့်မနေနဲ့တော့ အိပ်တော့လေ"

"ဟုတ်ကဲ့ ..."

အဘဦးအိုက်လုံကပြော၍ထွက်သွားတော့ စုပြည့်ခေါင်းထဲမှာအတွေးတွေပြည့်နေသည်။ မေမေပြောသလို အဘိုးဟာတကယ်သေဆုံးပြီးခဲ့ပြီလား။

ခေါင်းထဲပေါ်လာတဲ့ အတွေးတို့ကိုဖျောက်က ၁ စာကိုပဲ ကြိုးစားကျက်လိုက်တော့သည်။

***


www.burmeseclassic.com

www.burmeseclassic.com

"မနေ့ညက အားလုံးထမင်းစားပြီးတာတောင် အမဲသားဟင်းက တစ်ပန်းကန်ကျန်သေးတယ်၊ ဘယ်လိုဖြစ်လို့ မရှိတော့တာလဲ … ပြီးတော့ ဟင်းပန်းကန်တွေ ကျကွဲနေတယ်"

ဒေါ်ဖွားရှင်က စားပွဲပေါ်မှ ပန်းကန်များကိုကြည့်ကာ ပြောတော့ အလုပ်သမားကောင်မလေးတစ်ဦးဖြစ်တဲ့ မိအေးက …

"ကြောင်တက်နှိုက်တာနေမှာပေါ့ ဒေါ်ကြီးရဲ့"

"ဟဲ့ … ထမင်းစားခန်းထဲကို ဘယ်ကကြောင်ဝင်မှာလဲ ဒီအိမ်မှာ ဘာတွေဖြစ်နေလဲကိုမသိတာ"

ဒေါ်ဖွားရှင်က ညည်းညူလျက်စားပွဲပေါ်က ပန်းကန်တို့ကိုရှင်းလို့နေသည်။

"ဒေါ်ကြီး … သမီးတို့အပေါ်ထပ်တက်ရှင်းရဦးမလား"

"သခင်မကြီးကိုမေးရဦးမယ် … နင်တို့ကိုလည်း ပြောထားမယ်နော် အပေါ်ထပ်တက်အလုပ်လုပ်ရင် ပစ္စည်းတွေကို သူနေရာနဲ့သူထား ဟိုဟာကိုင် ဒီဟာကိုင်လျှောက်မကိုင်နဲ့"





"ဟုတ်ကဲ့ပါ"

ဒေါ်ဖွားရှင်က ဒီအိမ်ကြီးမှာနေတာကြာပြီ … ဘယ်အချိန်မှာ ဘာလုပ်ရမလဲဆိုတာသိပြီးသား … သခင်ကြီး သခင်မကြီးတို့အကြိုက်နှင့် အလိုက်အထိုက်ကို နားလည်တတ်တာကြောင့်လည်း ဝိမ်းလဲ့မြိုင်စံအိမ်တော်ရဲ့ အားကိုးအားထားရာ လူတစ်ယောက်ဖြစ်လာခြင်းဖြစ်သည်။

"မိအေး … နွားနို့အိုးတည်ထားတာ ကျက်ပြီလား … သခင်ကြီး အတွက် နွားနို့ပို့ရမယ်"

"ဟုတ်ကဲ့ … ရပါပြီ"

မိအေးက အိုးထဲမှနွားနို့များကို ပန်းကန်ထဲထည့်ကာ အဆင်သင့် လုပ်ပေးသည်။

"အေး … သခင်ကြီးက နွားနို့ကိုပျစ်ပျစ်နှစ်ကြိုက်တာ"

နွားနို့ပန်းကန်ကို ဒေါ်ဖွားရှင်ကကြည့်၍ပြောပြီး ပန်းကန်ကိုကိုင်ကာ ထွက်လာသည်။ အပေါ်ထပ်တက်ရန်လှေကားထိပ်သို့အရောက်တွင် …

"ဒေါ်ဖွားရှင် … ဒေါ်ဖွားရှင် … "

နောက်ကလိုက်ခေါ်တဲ့အသံကြောင့် ဒေါ်ဖွားရှင်က အပေါ်ထပ်သို့ ဆက်မတက်သေးဘဲရပ်နေသည်။

"ဒေါ်ဖွားရှင် … ဘယ်သွားမလို့လဲ"

"သခင်ကြီးအတွက် နွားနို့သွားပို့ပေးမလို့ သမီးဘာလုပ်မလို့လဲ"

"သမီး … သွားပို့ပေးမယ်"

ဒေါ်ဖွားရှင်လက်ထဲက နွားနို့ပန်းကန်ကို စုပြည့်ကယူ၍ အပေါ်ထပ်သို့ တက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်ဆို ထိုသို့လုပ်တာကို သခင်ကြီးကြိုက်ပါ့မလားဟု ဒေါ်ဖွားရှင် တွေးမိသည်။ စုပြည့်က သခင်ကြီးရဲ့မြေးအရင်းဖြစ်တာကြောင့်လည်း ဒေါ်ဖွားရှင် ငြင်းခွင့်မရှိ။

နွားနို့ခွက်ကိုကိုင်လာသော စုပြည့်ရဲ့လက်တွေ တဆတ်ဆတ်တုန်လာသည်။

နားထဲတွင်လည်း ...

"ဦးစောအောင်ဘွားကို သေအောင်သတ် ..."

သူ့မေမေရဲ့စကားသံတို့က ပဲ့တင်ထပ်နေသည်။ အင်္ကျီအိတ်ထဲမှ ယူလာသည့် အဆိပ်ပုလင်းကိုအသာဖွင့်ကာ နွားနို့ခွက်ထဲထည့်လိုက်သည်။

ခေါင်းကို ဘယ်ညာစောင်းကြည့်လိုက်သော်လည်း ဘယ်သူ့ကိုမှ မတွေ့ရသဖြင့် စိတ်အေးသွား၏။

နွားနို့ခွက်လေးကိုကိုင်ကာ အဘိုးဦးစောအောင်ဘွား အခန်းရှေ့ ရောက်တော့ ...

"ဂျွိ ..."

"သမီးပါလား ... နွားနို့လာပို့တာလား ဒေါ်ဖွားရှင် ဘာလုပ်နေလို့ လဲ"

အခန်းတံခါးပွင့်လာပြီး ဦးအိုက်လုံထွက်လာကာအခန်းဝမှာ ရပ်နေသည့်စုပြည့်ကိုမေး၏။

"သမီး ... အဘိုးအတွက်နွားနို့လာပို့တာ"

"ဟော ..."

ဦးအိုက်လုံ အံ့သြသွားသည်။ ထိပ်ပန်းစံရှိစဉ်က စုပြည့်တစ်ယောက်





အပေါ်ထပ်သို့ပင်မလာရ ... ထိပ်ပန်းစံကစုပြည့်နှင့် အဘိုးအဘွားတို့ရင်းနှီးမှုကို လုံးဝမလိုလား ...

သူကိုယ်တိုင်ကလည်း ကင်းအောင်နေခဲ့ရာ စုပြည့်နှင့် သူ့အဘိုး အဘွားတို့မှာစိမ်းနေသည်။

"အဘာပို့ပေးမယ်လေ ..."

"သမီးပို့လို့မရဘူးလားဟင် ..."

ဦးအိုက်လုံက ဦးစောအောင်ဘွားမကြိုက်မည်စိုး၍ ဖော်ပြောတာကို စုပြည့်က ပြန်မေးတော့ ဦးအိုက်လုံ ဘယ်လိုဖြေရ မှန်းမသိ ... စုပြည့်က ဦးအိုက်လုံကိုကျော်၍ အခန်းထဲဝင်တော့ ဦးအိုက်လုံလည်း နောက်က လိုက်ဝင် လာသည်။

"အဘိုးအတွက် စုပြည့်နွားနို့လာပို့တာ"

"နွား ... နွား ... နို့"

ဦးစောအောင်ဘွားက တအံ့တသြနှင့် စုပြည့်ကိုတလှည့် နွားနို့ပန်းကန် ကိုတစ်လှည့်ကြည့်ပြီး ကျယ်လောင်သောအသံကြီးဖြင့် ...

"သွား ... မသောက်ဘူး ... သွား"

"ဂွမ်း ..."

အော်လိုက်ရာ စုပြည့်လည်းကြောက်လွန်း၍ လက်ထဲက နွားနို့ပန်းကန် ပြုတ်ကျသွားတော့သည်။

***



www.burmeseclassic.com

www.burmeseclassic.com

ပတ်ဝန်းကျင်နှင့်နေမှ ဖြစ်မည်ဟုဆိုပြီး . . .

အခန်း (၄)

## ဝေဒနာသည်ရဲ့ဒေါသ

"မငိုပါနဲ့မြေးရယ် ... မြေးရဲ့အဘိုးက ဝေဒနာသည်ဆိုတော့ စိတ်တိုတာပါ တိတ်ပါနော်"

"ဟင့် ... ဟင့်"

ဒေါ်နန်းလှဲမြိုင်က မြေးဖြစ်တဲ့စုပြည့်ငိုတာကိုချော့လေရာ အားမှာ ရပ်နေသည့် ဦးအိုက်လုံက ...

"သမီးရဲ့အဘိုးက ရုတ်တရက်သူ့စိတ်ထဲမှာသမီးကို ထိပ်ပန်းစံလို့ ထင်နေမှာပါ ... နောက်ဆိုအခုလိုဖြစ်မှာ မဟုတ်တော့ပါဘူး ... အဘ လည်းကြိုပြောထားပါ့မယ်"

စုပြည့်ကတော့ ရှိုက်ကြီးတငင်ငင်ငိုနေဆဲ ... ထိုအချိန်တွင် ကိုထက် ဇော်က ညှော်ခန်းထဲဝင်လာပြီး ...

"သမီး အဘိုးက သမီး အခုလိုပြုစုတာကိုပိုတောင်ကျေနပ်မှာ အခုရက်ပိုင်း ... သမီးအဘိုး နေသိပ်မကောင်းဘူးသမီးရဲ့"

---

ရိုးရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သမီးက အဘိုးကိုသမီးကိုယ်တိုင်နွားနို့တိုက်ချင်လို့ သွားပို့တာ ခုတော့ ဟင့် ... ဟင့်"

စုပြည့်ကငိုသံစွက်ကပြောလေပြန်ရာ ဒေါ်နန်းလှဲမြိုင်က ...

"ငါ့မြေးသာပြုစုလို့ကတော့ ... သမီးအဘိုး မကြာခင် နေပြန်ကောင်း လာမှာသေချာတယ်"

"ဟုတ်တယ်သမီး ... ဒါနဲ့ သမီးဒီနေ့ကျောင်းပိတ်တယ်မလား"

"ဟုတ်ကဲ့ ..."

စုပြည့်ကခေါင်းညိတ်ပြသည်။

"သမီး ဘယ်သွားချင်လဲ"

ကိုထက်ဇော်ကမေးတော့ စုပြည့်ရဲ့မျက်နှာလေး တည်သွားပြီး ...

"ဖေဖေ လိုက်ပို့ပေးမှာလား"

မေးလိုက်ရာ ကိုထက်ဇော်ကပြုံးလျက် ...

"ဖေဖေအလုပ်မအားဘူးသမီးရဲ့ ... သမီးသူငယ်ချင်းတွေနဲ့ လျှောက်လည်ပါလား"

"ဟင် ... ဖေဖေ"

သူမထင်မှတ်တဲ့စကား ဖခင်ရဲ့နှုတ်ဖျားကထွက်လာတာကြောင့် စုပြည့် အံ့သြသွားသည်။

"ဟုတ်တယ်သမီး ... သမီးလည်းတစ်နေ့တစ်နေ့ အိမ်နဲ့ကျောင်းနဲ့ တကျက်လိုက် လုပ်နေလာရတာ ပျင်းမှာပေါ့၊ သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ ပျော်ပျော်ရွှင်ရွှင်လျှောက်လည်ပါလား"

ကိုထက်ဇော်က ခွင့်ပြုပေးမယ့် အသွားဒေါ်နန်းလှဲမြိုင်က စိုးရိမ်စွာနှင့်





"ဖြစ်ပါ့မလား မြေးက ဘယ်မှသွားဖူးလာဖူးတာ မဟုတ်ဘူး"

"မသွားလာဘူးလို့လွှတ်နေတာမေမေ ... သမီးရဲ့ စိတ်ပျော်ရွှင်မှုရဖို့ အရေးကြီးတယ်"

"မြေးက ဘာဖြစ်နေလို့လဲ"

ဒေါ်နန်းလှဲမြိုင်က သူ့သားကိုထက်ဇော်ကို မေးလိုက်သည်။

ကိုထက်ဇော်က ...

"မေမေမသိပါဘူး ... သမီး ဒရိုင်ဘာဦးစောအောင်ကိုခေါ်သွား ကားနဲ့သမီးသွားချင်တဲ့နေရာကိုပို့ခိုင်းလိုက် ပိုက်ဆံလည်းယူသွား"

"သမီး ... ဘယ်သွားရမှာလဲဖေဖေ ..."

"ဟင် ..."

ကိုထက်ဇော် အံ့သြသွားသည်။ သူ့သမီးလေးအပျိုပေါက်ဖြစ်ကာ ဆယ်တန်းကျောင်းသူပင်ဖြစ်နေပြီ ဘယ်သွားလို့ လာရမှန်းမသိသေး။

သူ့အမေရဲ့ စည်းစနစ်ကြီးအောက်မှာ ကြီးခဲ့ရသည်ဆိုတော့ လွတ်လပ်တဲ့ ဘဝရဲ့အရသာကိုမခံစားခဲ့ရရှာ ...

"ကဲ ... သမီးကိုဖေဖေမေးမယ်၊ သမီးမှာသူငယ်ချင်း ဘယ်နှစ်ယောက်ရှိလဲ"

"သန္တာတစ်ယောက်တည်း ..."

"ဟုတ်ပြီ ... သန္တာကို ခင်တဲ့လူတွေနဲ့ သမီးမိတ်ဖွဲ့လိုက် ... ဒါဆိုရင် သူငယ်ချင်းတွေအများကြီးဖြစ်သွားမှာပေါ့"

ကိုထက်ဇော်ပြောတော့ စုပြည့်စဉ်းစားသည်။ ပြီးတော့ မျက်နှာက တဖြည်းဖြည်းပြုံးလာပြီး ...



www.burmeseclassic.com

www.burmeseclassic.com

"ဖေဖေပြောတဲ့အတိုင်း သန္တာကိုသွားပြောလိုက်မယ် _ အဲလိုဆို သမီးမှာသူငယ်ချင်းတွေ အများကြီးဖြစ်လာမှာပေါ့နော်"

"ဟုတ်တာပေါ့သမီးရယ် _ သူတို့ကိုစုပြီး တစ်ရက် အိမ်ကိုဖိတ်လိုက် အိမ်မှာတစ်ခုခုကျွေးဖို့ ဖေဖေစီစဉ်ပေးမယ်"

"ဟင် _ တကယ်လားဖေဖေ၊ အဲလိုဆိုပျော်စရာ ကောင်းမှာပေါ့နော်"

"အေးပေါ့ ... သမီးရဲ့"

ကိုထက်ဇော်က သူ့သမီးလေးခေါင်းကို အသာပုတ်လိုက်တော့ စုပြည့်က ကျေနပ်မှုများစွာနှင့် ပြုံးရွှန်းနေလေတော့သည်။

✻✻✻



ဆဝတစ်ရွှေချက်စုံးကြေကွဲခဲ့ရတဲ့
မိန်းမငယ်တစ်ယောက်က
ဝိညာဉ်တစ်ဝမ်ဖြင့်ချောက်ဆောပြီး . . .

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)
## ဝိညာဉ်လာတဲ့ည

အခန်းတံခါးဝ လိုက်ကာလှုပ်ယမ်းနေတာကို တွေ့တာကြောင့် ဦးစောအောင်ဘွား လန့်လို့သွားသည်။ ညဥ့်ကလည်း နက်နေသလို မီးများ မှိတ်ထားတာကြောင့် မဲမှောင်၍နေသော်လည်း လရောင်ရဲ့အလင်းကြောင့် အခန်းဝလိုက်ကာရဲ့အရောင်ကဖွေးနေသည်။

"ဟူး ..."

လေတိုးသံလိုလို အော်သံလိုလို အသံတစ်သံကို ကြားရတာကြောင့် ဦးစောအောင်ဘွား ခေါင်းထောင်သွား၏။

အခန်းက ကျဉ်းကျဉ်းတော့မဟုတ် ...

ခုတင်ကြီးတစ်လုံး နံရံကပ်ဗီရိုများ စားပွဲတစ်လုံး ပက်လက်ကုလားထိုင်တစ်လုံး ဆက်တီစားပွဲတစ်စုံရှိတာကြောင့် ကျယ်ဝန်းလှသည့်အခန်းကြီး ဖြစ်သည်။





ဦးစောအောင်ဘွားက ဘယ်နေရာမဆို တခမ်းတနား နေတတ်သူ တစ်ဦးဖြစ်သည်။

ပြတင်းပေါက်လိုက်ကာများမှစ၍ အဖြူရောင်လိုက်ကာများ တပ်ဆင်လို့ထားသည်။

"ဟူး ..."

လွင့်တက်သွားသောလိုက်ကာနှင့်အတူ အခန်းထဲသို့ ဝင်လာသည့်ပုံရိပ်ကြောင့် ဦးစောအောင်ဘွား မျက်လုံးပြူးကျယ်လို့သွား၏။

"ရှပ် ... ရှပ် ..."

"မင်း ... မင်း ... မင်း"

ဦးစောအောင်ဘွားရဲ့ ပါးစပ်က အထစ်ထစ်အငေါ့ငေါ့ ထွက်လာရာ -

"ဟား ... ဟား ... ဟား"

ကျယ်လောင်စွာ ရယ်မောလိုက်သည့်အသံကထွက်လာသည်။

"မင်း ... ထိပ် ... ထိပ်ပန်းစံ"

အဖြူရောင်ဂါဝန်ရှည်က လေထဲမှာလွင့်နေသလို ပြတင်းပေါက်က ကျလာတဲ့ လရောင်ကြောင့် အဖြူရောင် ဂါဝန်ရှည်မှာထင်းနေ၏။

"ဦးစောအောင်ဘွား ..."

"မင်း ... မင်း ... ဘာလုပ်မလို့လဲ"

ထိပ်ပန်းစံက ခြေလှမ်းကိုတစ်လှမ်းချင်း ဦးစောအောင်ဘွားအိပ်ရာနားသို့ ကပ်လာသည်။

"ရှင့်ကို ကျွန်မလာခေါ်တာ"



www.burmeseclassic.com

www.burmeseclassic.com

ထိပ်ပန်းစံကလက်တစ်ဖက်ကို မြှောက်လိုက်ရာ ဦးစောအောင်ဘွားက လက်ကာပြပြီး ...

"မလုပ်နဲ့ ... နင်ငါ့ကိုဘာမှမလုပ်ပါနဲ့ ငါဒုက္ခိတဖြစ်နေလို့ပါ"

"ဘာလဲ ... ရှင့်အလှည့်ရောက်တော့ ရှင်ကြောက်နေပြီလား ... ရှင်ရက်စက်ခဲ့လို့ ကျွန်မတို့ဘဝတစ်လျှောက်လုံး ကြေကွဲခဲ့ရတာလေ ..."

ဦးစောအောင်ဘွားရဲ့ မျက်နှာမှာချွေးတွေစို့လာသလို နှုတ်ခမ်းကို တင်းတင်းစေ့ကာ ခေါင်းကိုရမ်းလိုက်၏။

"ရှင့်ကို ကျွန်မတို့ဘဝတွေ ဝိညာဉ်ကခွင့်မလွှတ်ဘူး ... ရှင့်ကို တမလွန်က ကြိုနေကြတယ်"

"ငါ ... ငါမလာချင်ဘူး ... ငါ့ကိုမခေါ်နဲ့"

ဦးစောအောင်ဘွားက ကြောက်ရွံ့ထိတ်လန့်စွာ အော်လိုက်၏။

"ဟား ... ဟား ... ဟား"

ကျယ်လောင်လှသော ရယ်မောသံကြီးနှင့်အတူ ထိပ်ပန်းစံရဲ့ မျက်နှာမှာ တဖြည်းဖြည်းပြောင်းလဲလာပြီး ရှည်လျား ဖြန့်ချထားသည့် ဆံပင်အနက်ရောင်တို့မှာ ဖွေးဖြူသွားသလို မျက်လုံးနှစ်ဖက်လုံးမှာလည်း ချိုင့်ဝင်လို့သွား၏။

"မင်း ... မင်း"

ဦးစောအောင်ဘွား သူ့မျက်လုံးကိုတောင်သူမယုံနိုင်။ အဖြူရောင်ဂါဝန် အောက်က ထိပ်ပန်းစံ၏အသားအရေမှာ ခြောက်ကပ်လို့သွားသည်။

"ဟား ... ဟား ... ဟား"

ကြောက်စရာ ရယ်မောသံကြီးက ဦးစောအောင်ဘွား အခန်းတစ်ခန်း





လုံး ပဲ့လွင့်နေသည်။ ဦးစောအောင်ဘွားလည်း ကြောက်လွန်း၍ အသားတွေ တဆတ်ဆတ် တုန်လာပြီး ...

"သွား ... ငါ့နားမလာနဲ့ ... သွား ..."

အသံကုန် ဟစ်အော်လိုက်တော့သည်။

"သခင်ကြီး ... သခင်ကြီး ..."

ဦးအိုက်လုံ အခန်းထဲသို့အမြန်ပြေးဝင်လာပြီး အော်ဟစ်နေသည့် ဦးစောအောင်ဘွားအား ထိုင်၍လှုပ်ကာနှိုးလိုက်သည်။

"သခင်ကြီး ... ဘာဖြစ်တာလဲ"

"အင်း ..."

ဦးစောအောင်ဘွားရဲ့ ပါးစပ်ကအသံထွက်လာသည်။

"သခင်ကြီး ... ဘာဖြစ်တာလဲ ..."

"အိုက် ... အိုက်လုံ ..."

ဦးအိုက်လုံက နံတင်ဘေးကစားပွဲပေါ်က ပဝါကိုယူ၍ ဦးစောအောင် ဘွားကို သုတ်ပေးသည်။

"အိုက်လုံ ..."

"ပြောလေ သခင်ကြီး ... သခင်ကြီးရဲ့အော်သံကြားလို့ ကျွန်တော် ပြေးလာတာ"

"ငါ့ဆီကို ထိပ် ... ထိပ်ပန်းစံ လာတယ် ..."

"ဗျာ ..."

ဦးအိုက်လုံ မျက်လုံးပြူးသွားသည်။

"သူ ငါ့ကိုလာခေါ်တာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... "

ဦးစောအောင်ဘွား စကားကြောင့် ဦးအိုက်လုံ သက်ပြင်းချလိုက်သည်။

"သခင်ကြီး ထိပ်ပန်းစံက ဆုံးသွားပြီလေ ... "

"အေး ... ငါသိတယ် ဒါပေမယ့်သူငါ့ကိုလာခေါ်တာ ထိပ်ပန်းစံရဲ့ပုံက ကြောက်စရာကောင်းလိုက်တာ ပြောမနေနဲ့"

ဦးအိုက်လုံက ငြိမ်၍နားထောင်နေသည်။ ဦးစောအောင် ဘွားက အားယူ၍ ...

"ထိပ်ပန်းစံက ငါ့ကိုလုံးဝမကျေနပ်ဘူး။ ဝိညာဉ်ဘဝနဲ့ လက်စားချေနေတာ"

"ထိပ်ပန်းစံက သခင်ကြီးကိုအထင်လွဲတာဖြစ်မှာပါ"

ဦးစောအောင်ဘွားက ... ခေါင်းကိုခပ်လေးလေးခါရင်း ...

"အထင်လွဲတာမဟုတ်ဘူး ... ထိပ်ပန်းစံက ငါ့ကို ဟိုတုန်းထဲက သတ်ဖို့ကြံခဲ့တာ အခွင့်အရေးမရဘဲ သူသေသွားခဲ့ တယ် ...

ဝိညာဉ်ဘဝရောက်တော့လည်း ငါ့ကို ဒုက္ခပေးဖို့ သူ ကြိုးစားနေတယ်"

ပြောရာ ဦးအိုက်လုံက ...

"ညဥ့်လည်းတအားနက်နေပြီသခင်ကြီး ... အိပ်ပျော်အောင်အိပ်ပါ"

"ထိပ်ပန်းစံ ... ငါ့ဆီလာဦးမလား"

"သခင်ကြီး အိပ်မက်,မက်တာပါ ... အိပ်မက်ကိုစွဲပြီး သခင်ကြီး





စိတ်က ထင်တာပါ ... အိပ်ပျော်အောင်အိပ်လိုက်ရင် သခင်ကြီး ဘာမှမဖြစ်တော့ဘူး"

"အင်း ... "

ဦးစောအောင်ဘွား မျက်လုံးကိုမှိတ်ကာထားလိုက်သဖြင့် ဦးအိုက်လုံလည်း စောင်ကိုထပ်ခြုံပေးကာ အခန်းပြင်သို့ ထွက်လာခဲ့တော့သည်။

***



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာကကြောက်စရာကောင်းလောက်အောင်
ချောင်ကျနေပြီး ဆံပင်တွေမှာ
ဖားလျားကျနေတာကြောင့် . . .

## အခန်း (၆)

## ခေါ်သွားမယ်

"စုပြည့် သူကဝသုန်၊ သူကမြင့်ဇော် _ မြင့်ဇော် ဘေးက ကြည်မေ ... အားလုံးငါ့သူငယ်ချင်းတွေပေါ့"

သန္တာက သူ့သူငယ်ချင်းတွေနှင့်မိတ်ဆက်ပေးတော့ စုပြည့်ကပြုံး၍ ခေါင်းလေးညိတ်ပြသည်။

သူတို့အားလုံး ပဲခူးမြို့ပေါ်ရှိအထက်တန်းကျောင်းဟု ကျောင်းတက်ကြ ...တာကြောင့် မျက်နှာချင်းတန်းမိသော်လည်း တစ်ယောက်နှင့်တစ်ယောက် ...ခင်ကြ။

သန္တာက လက်ဖက်ရည်ဆိုင်တစ်ဆိုင်ခေါ်ကာ မိတ်ဆက်ပေးမှ ...ကြခြင်းဖြစ်သည်။

"ငါတို့ကနင့်ကိုသိတာကြာပါပြီ ... နင့်မျက်နှာက တည်တည်နဲ့ ...တော့ တို့ကမခေါ်ရဲဘူးလေ ... "

မြင့်ဇော်ကပြောတော့ ကြည်မေက _



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို အရင်နှစ်တွေက လိုက်ပို့တဲ့အန်တီ ... ဒီနှစ် မတွေ့ဘူး နော်၂"

"မေမေဆုံးသွားပြီ ..."

"ဟင် ... နင့်အမေ ဆုံးသွားပြီဟုတ်လား စုပြည့်"

ကြည်မေက စိတ်မကောင်းစွာမေးသည်။

"ဟုတ်တယ် ... မေမေ တိုက်ပေါ်ကပြုတ်ကျပြီး ဆုံးတာလေ"

"တိုက်ပေါ်ကပြုတ်ကျတာ ဘယ်လိုပြုတ်ကျတာလဲဟာ"

မြင့်ဇော်က စိတ်ဝင်တစားနှင့်မေးလိုက်ရာ သန္တာက ဝင်၍ ...

"တိုက်ပေါ်ကပြုတ်ကျတာပဲဟာ ... ဘယ်လိုပြုတ်ကျရမလဲ နင်က ရှည်တယ်"

"ငါက စိတ်ဝင်စားလို့ပါ ... စုပြည့်မဖြေချင်ရင် မဖြေပါနဲ့"

"မဟုတ်ဘူး ... ငါက စုပြည့်စိတ်မကောင်းဖြစ်မှာ စိုးလို့ပြောတာ"

သန္တာကပြောတော့ စုပြည့်က မျက်နှာလေးတည်၍ ...

"မေမေပြုတ်ကျတာက အဘိုးအခန်းကပြုတ်ကျတာလေ အဘိုးနဲ့ မေမေက အဆင်မပြေကြဘူး ... မေမေဆုံးမယ့် ညက မေမေက အဘိုးအခန်း ထဲကိုသွားတယ် ...

ခဏကြာတော့ မေမေ့အော်သံကြားရပြီး ပြတင်းပေါက်ကနေ အောက်ကိုပြုတ်ကျပြီး တမံသလင်းနဲ့ခေါင်းဆောင့်မိပြီး မေမေဆုံးသွား တယ်လေ"

စုပြည့်ပြောတာကို အားလုံးက စိတ်ဝင်တစားနှင့် နားထောင်နေ ကြသည်။ မြင့်ဇော်က ...

"နင့်အဘိုးနဲ့စကားများပြီး တွန်းချလို့ ပြုတ်ကျသွားတာလား"





"ဟင့်အင်း ... အဘိုးကအောက်ပိုင်းသေနေတာ"

"ဟင်"

အားလုံးရဲ့စကားသံတွေတိတ်သွားသည်။ ကြည်မေက –

"နင်တို့အိမ်ကြီးကိုငါလှမ်းတွေ့ဖူးတယ် ... ရဲတိုက်ကြီးလိုပဲ ချပ်(စ်)ကျောင်းလို့ထင်နေတာ လမ်းမနဲ့လည်းအဝေးကြီးနော်"

"ဟုတ်တယ်ဟာ ... အိမ်ကိုတောင်ကုန်းပေါ်ဆောက်ထားတော့ လမ်းမကကြည့်ရင် လှမ်းမြင်ရတယ်လေ ... တော်တော်လှတယ်"

မြင့်ဇော်ကဝင်ပြောသည်။ စုပြည့်က ...

"တို့အိမ်ကြီးကို အင်္ဂလိပ်လက်ထက်က ဘုရင်ခံလာရင် အနားယူဖို့ ဆောက်ထားခဲ့တာလို့ အဘွားကပြောဖူးတယ် ... ပြန်လက်ထက်ရောက် တော့ ဗိုလ်ချုပ်တစ်ဦးရဲ့ မိသားစုနေခဲ့ကြတယ် ... နောက်တော့ မေမေ့ မိဘတွေနေတယ်"

"အဘိုးဆိုတာက ..."

"ဖေဖေရဲ့အဖေလေ ... အဘွားကလည်း ဖေဖေရဲ့အမေပဲ"

"သူတို့က ဘယ်လိုရောက်လာတာလဲ"

"မသိပါဘူးဟာ ... ငါသိတတ်တဲ့အချိန်ကစပြီး မေမေက ဘယ်သူနဲ့မှစကားမပြောတာဘဲ ... ဖေဖေ့ကိုတောင် ဝက္ကရားအရပဲဆက်ဆံ တာ"

"ဪ ..."

စုပြည့်ပြောတာတွေကို စိတ်ဝင်တစားနှင့်နားထောင်ကြရင်း တိတ်ဆိတ် သွားကြသည်။ စုပြည့်က ...

"ငါက ငယ်ငယ်တည်းကအပေါင်းအသင်းမရှိဘူး ... မေမေက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူနဲ့မှမပေါင်းနိုင်ဘူး _ မေမေကတော့ အားလုံးနဲ့လိုက်လျောညီထွေအောင် နေနိုင်းတယ် _ အမျိုးမာန်ကြီးတဲ့ မေမေက ဘယ်သူနဲ့မှမခေါ်မပြောရဘူး _ အခု မေမေမရှိတော့ ဖေဖေကအပေါင်းအသင်းထားရမယ်ဆိုတာနဲ့"

"အေးပါဟာ _ ငါတို့လည်းနင့်ကိုနားလည်ပါတယ်"

"နင်တို့ကျောင်းပိတ်ရက်တစ်ရက် အိမ်မှာ တစ်ခုခု လုပ်စားကြမယ်ဟာ နင်တို့ အိမ်ကိုလာကြပါလား"

စုပြည့်ကပြောတော့ မြင့်ဇော်က ဝမ်းသာအားရနှင့် ...

"တကယ်ပြောတာလား _ ဘယ်တော့လာလည်ရမလဲ"

"မြင့်ဇော်ကတော့ စားရဖို့ဆိုလုပ်ပြီ"

သန္တာက မျက်စောင်းထိုးကာပြောတော့ မြင့်ဇော်က ...

"ငါက သူတို့ခြံကြီးထဲကိုရောက်ဖူးချင်လို့ပါ _ ပြီးတော့ စိမ်းလဲ့မြိုင်စံအိမ်တော်ကိုအနီးကပ်မြင်ဖူးချင်တယ်လေ ..."

"နင်တို့ တို့ခြံထဲရောက်ရင်ပိုပြီးစိတ်ဝင်စားသွားမယ်"

"ဟုတ်လား ... စိတ်ဝင်စားစရာ ဘာရှိသေးလို့လဲ ..."

"မိသားစု ကိုယ်ပိုင်သင်္ချိုင်း ..."

"ဟင်"

တစ်ချိန်လုံး ဘာစကားတစ်ခွန်းမှဝင်မပြောဘဲ ငြိမ်နေသည့်ဝသုန်က အံ့ဩစွာ စုပြည့်ကိုကြည့်လိုက်တော့ စုပြည့်နှင့် အကြည့်ချင်းဆုံသွားသည်။ ဘာကြောင့်ရယ်မသိ စုပြည့်ရင်ထဲ လှုပ်ခနဲဖြစ်သွားသည်။ မျက်လွှာကို အလျှင်အမြန်ချကာ ခေါင်းကို ငုံ့ထားလိုက်တော့သည်။

***

"စုပြည့် ..."

"ရှင် ..."

စာကျက်ပြီး အိပ်ရာပေါ်လှဲလိုက်စဉ် အခန်းဝမှ လှမ်းခေါ်သံကြောင့် ပြည့် ခန္ဓာကိုယ်လေးတုန်သွားသည်။

လှမ်းကြည့်လိုက်တော့ မေမေ ...

အခန်းဝမှာ မတ်တတ်ရပ်နေသည်။

မေမေရဲ့ဆံပင်တွေက ဖားလျားကျနေပြီးမျက်နှာကလည်း ပြည့်မကောင်းလောက်အောင် ချောင်ကျနေ၏။

မေမေက အခန်းထဲသို့ တစ်လှမ်းချင်းဝင်လာတော့ စုပြည့်ခုတင်ပေါ်မှ အောက်သို့ဆင်းကာ ဒူးထောက်လိုက်သည်။

မေမေက အခန်းထဲသို့တစ်လှမ်းချင်းဝင်လာပြီး စုပြည့်ရှေ့၌ မတ်တတ် လိုက်၏။

"နင် _ ဘယ်သူတွေနဲ့ပတ်သက်နေလဲ"

"ရှင် ..."



www.burmeseclassic.com

www.burmeseclassic.com



မေမေရဲ့စကားသံတွေက အလွန်မာနေသည်။

"နင့်ကိုငါမှာထားတယ်မလား ... ဘယ်သူနဲ့မှ မပတ်သက်ရဘူး ဆိုတာ နင်မေ့သွားပြီလား ..."

"ဟို ... ဖေ ... ဖေဖေက ..."

"တော် _ ဘာဖေဖေလဲ _ နင့်အဖေက နင့်ကို သက်သက်ဒုက္ခ ရောက်အောင်လုပ်နေတာ"

"ဟင့် ... ဟင့် ..."

မေမေရဲ့စကားသံတွေကို သူမခံနိုင်။ ပါးပေါ်သို့ မျက်ရည်များကျကာ လာသည်။

"နင်မငိုနဲ့ _ နင်ငါပြောတာကိုနားထောင်ရင်ထောင် မထောင်ရင် နင့်ကိုသတ်မယ်"

"ရှင် ..."

စုပြည့်မေမေ့မျက်နှာကို မော့ကြည့်လိုက်သည်။

"ဦးစောအောင်ဘွားကို သတ်ပါဆိုလည်း နင်ခုထိ မသတ်သေးဘူး ငါမှာတာနင်ဘာမှမလုပ်ဘူး ... ဟုတ်လား စုပြည့်"

"ဟင့် ... ဟင့် ..."

"နင်က ငိုပဲငိုနေတယ် _ ဦးစောအောင်ဘွားဆိုတာ မကောင်းဆိုးဝါး ဆိုတာနင်မှတ်ထား ..."

"ဟုတ် ... ဟုတ်ကဲ့"

"နင်က သူ့ကိုမသတ်ရင် သူကနင့်ကိုသတ်မှာ _ သူသတ်တာနင် ခံမလား ... နင်က သူ့ကိုသတ်မလားပြော ..."





စုပြည့်က အသံတုန်တုန်နှင့် ...

"စုပြည့် ... အဘိုးကိုသတ်ပါ့မယ်"

"အေး ... အဲလိုမှပေါ့ ..."

မေမေကျေနပ်စွာ စုပြည့်ကိုကြည့်လိုက်၏။

ပြီးတော့ ...

"ဟား ... ဟား ... ဟား"

ကြောက်စရာကောင်းလောက်အောင် ရယ်မောလိုက်ပြီး အခန်းထဲမှ ထွက်ကာသွားသည်။

"ဟင့် ... ဟင့် ..."

စုပြည့်လည်း အားရပါးရရှိုက်ကာရှိုက်ကာ ငိုကြွေးလိုက်တော့လေ သည်။

***



www.burmeseclassic.com

www.burmeseclassic.com

ပန်းချီကားထဲတွင် ဝိညာဉ်ရှိတယ်ဟု
ကြည့်ရုံဖြင့် သိလိုက်ရသောကြောင့်

## အခန်း (၇)

## ကာဓိကထပ်ထဲ

"သမီး … သူငယ်ချင်းတွေ ဘယ်အချိန်လောက်မှာလဲ သမီး"

ကိုထက်ဇော်က အိမ်တံခါးဝတွင် ရပ်ကာ တမျှော်မျှော် ဖြစ်နေသော စုပြည့်အား လှမ်းမေးလိုက်သည်။

"ဆယ်နာရီလောက်ရောက်မယ်ထင်တယ် …"

ကိုထက်ဇော်က လက်ကနာရီကိုကြည့်၍ …

"အခုမှ ကိုးနာရီထိုးပဲရှိသေးတယ်လာမှာပေါ့ … သမီးရယ် … သမီးကထိုင်မရထမရဖြစ်နေတယ် …"

"ဟဲ …"

စုပြည့်က ကိုထက်ဇော်ကိုရှက်ရယ်ရယ်ပြကာ အိမ်နောက်ဖေးဘက် ထွက်လာသည်။

"ဒေါ်ဖွားရှင် … ဟင်းတွေကျက်ပြီလား …"



www.burmeseclassic.com

www.burmeseclassic.com

"ချက်တုန်းပဲ စုလေးရဲ့ _ စုလေးဗိုက်ဆာနေလို့လား"

"ဟင့်အင်း ... မဆာသေးပါဘူး ... သူငယ်ချင်းတွေလာရင် အဆင်သင့်ဖြစ်အောင်လို့"

ဒေါ်ဖွားရှင်က ခေါင်းကိုညိတ်ပြရင်း ...

"အေးပါကွယ် _ ဒေါ်ဖွားရှင်မြန်မြန်ပြီးအောင် ချက်လိုက်ပါ့မယ်"

"ဟုတ်ကဲ့ ... ဒေါ်ဖွားရှင် ... "

စုပြည့်စိတ်ထဲအလိုလိုပျော်နေသည်။ မနက်စောစောကထ ရေချိုး အဝတ်အစားအသစ်တို့ကိုလဲထားသည်။ ဖေဖေကလည်း စုပြည့်ကျွေးချင်တာကို အကုန်ဖြည့်ပေး၏။

ဟင်းကိုလည်း လေးငါးခြောက်မျိုး အချိုညီ စတာတွေဆို ပါကင် လိုက်မှာပေးတာ ...

"သမီးရေ ... ဖေဖေရုံးသွားတော့မယ်"

ဧည့်ခန်းကလှမ်းပြောတဲ့ ဖေဖေ့ရဲ့အသံကြောင့် စုပြည့် အိမ်ရှေ့သို့ ပြေးထွက်လာသည်။

ဖေဖေက ရန်ကုန်မှာကုမ္ပဏီဖွင့်ထားတာကြောင့် မနက်ဆို ရုံးသို့ သွားကာ ညနေမှပြန်လာသည်။

"ဖေဖေ ညနေစောစောပြန်ခဲ့နော်"

ထိုစကားက စုပြည့်အမြဲပြောနေကြစကား ... ဖေဖေကပြုံး၍ ...

"အေးပါ ... သမီးရဲ့ ... ဘာမုန့်ဝယ်လာရဦးမလဲ"

"ပီဇာ ... များများဝယ်လာခဲ့"





"ကောင်းပြီလေ _ သမီးသူငယ်ချင်းတွေအတွက် လိုအပ်တာရှိရင် မြို့ထဲကိုကားလွှတ်ပြီးဝယ်ခိုင်းလိုက် လိုအပ်တဲ့ ငွေကို ဦးအိုက်လုံဆီကယူလိုက်"

"ဟုတ်ကဲ့ ... ဖေဖေ"

ကိုထက်ဇော်က စုပြည့်ခေါင်းလေးကိုပုတ်ကာ ကားပေါ်တက်၍ ထွက်သွားသည်။

ထိုအချိန်တွင် ...

"စုပြည့် ... "

"ရှင် ... "

အပေါ်ထပ်လှေကားထိပ်တွင် ဗိုးချဲပေါ်၌ထိုင်နေသော အဘိုး ဦးစောအောင်ဘွားက သူ့ကိုလှမ်းခေါ်နေသည်။

"အပေါ်လာဦး ... "

"ဟုတ် ... ဟုတ်ကဲ့"

အဘိုး ဦးစောအောင်ဘွားက လှေကားထိပ်မှ လက်တွန်းလှည်းဘီးကိုလှိမ့်ကာ အပေါ်ထပ်ဧည့်ခန်းထဲဝင်သွားသဖြင့် စုပြည့်လည်းလှေကားအတိုင်းတက်လာပြီး အပေါ်ထပ်ဧည့်ခန်းထဲရှိ ထိုင်ခုံတစ်လုံးမှာဝင်ထိုင်သည်။

အဘိုးဦးစောအောင်ဘွားက ...

"စုပြည့် သူငယ်ချင်းတွေကို စောင့်နေတာလား"

"ရှင် ... "

သူ့ သူငယ်ချင်းတွေလာမှာကို အဘိုးကကြိုသိနေတာကို စုပြည့် အံ့ဩသွားသည်။


www.burmeseclassic.com

www.burmeseclassic.com


"အေးလေ ‒ မြေးလည်း အသက်ဆယ့်ခြောက်နှစ် ပြည့်တော့မှာပဲ အပေါင်းအသင်းရှိမှပေါ့"

"ဟုတ်ကဲ့ ... "

"ခြံထဲမှာ စားချင်တာရှိရင် ခူးခိုင်းလိုက် ... သူငယ်ချင်းတွေ လိုချင်တာရှိလည်းပေးလိုက် ဟုတ်ပြီလား ... "

"ဟုတ် ... "

"မြေးဟာ ‒ မြေးအမေ ထိပ်ပန်းစံနဲ့ရုပ်ချည်က တစ်ထပ်တည်းတူ ပေမယ့် စိတ်ဓာတ်ကိုတော့ တစ်ထပ်တည်း မတူစေချင်ဘူး ‒ ထိပ်ပန်းစံဟာ အမျိုးမာန်အားကြီးတာ အဲဒီအတွက်ကြောင့်လည်း အဘိုးကိုသူသေတဲ့အထိ မုန်းသွားတယ် ... မြေးမအေ အဘိုးကိုဘာလို့မုန်းလဲ မြေးသိလား ... "

"ဟင့်အင်း ... မသိပါဘူး"

"မြေး ... သိချင်လား"

"ဟင့်အင်း"

စုပြည့်ခေါင်းခါလိုက်သည်။ စုပြည့်မသိချင်ပါဘူး ‒ ဘာလို့လဲဆို တော့ မေမေတို့ရဲ့ အမုန်းတရားတွေ သူ့ခေါင်းထဲ မရောက်ချင်ဘူးလေ ‒

"အဘိုး ... "

"ဟေ ... "

"စုပြည့် သူငယ်ချင်းတွေလာတော့မှာမို့ သွားစောင့်လိုက်ဦးမယ်"

စုပြည့်အဘိုးရှေ့ကခွာချင်နေသည်။ အဘိုးနှင့်သူ တစ်ခါမှအခုလို အကြာကြီးစကားမပြောခဲ့ဘူး ... မေမေရှိစဉ်ကဆို အဘိုးနှင့်မျက်နှာချင်း တောင်မဆိုင်နိုင်း ...

ရှုရှင်အောင်စာစေ

"သွားလေမြေး ‒ ညဘက်အားရင် အဘိုးအခန်းထဲလာခဲ့ စကားလေး ဘာလေးပြောရအောင်"

"ဟုတ် ... "

အဘိုးရဲ့ မျက်နှာက အပြုံးမှုန်ကုပ်နေရာက အနည်းငယ် လန်းလို့သွား သည်။

စုပြည့်ကတော့ အဘိုးရှေ့က ခေါင်းလေးငုံ့ကာထွက်လာခဲ့တော့ သည်။

***

ရှုရှင်အောင်စာစေ

www.burmeseclassic.com

www.burmeseclassic.com

"ဂူး ... ကျွိ ... "

"ဂူး ... ကျွိ ... "

အိမ်ရှေ့မှာ ဆိုင်ကယ်နှစ်စီးဘရိတ်အုပ်သံနှင့်အတူ သန္တာတို့ ရောက်လာသည်။

စုပြည့် အားရဝမ်းသာစွာနှင့် ...

"လာကြပါဟေ့ ... လာကြ ... ငါနင်တို့ကိုမျှော်နေတာ ကြာပြီ"

အိမ်ဝမှ ကြိုလိုက်ရာ ... သန္တာက -

"အစောထဲက လာမလို့ ... ဝသုန်က သူ့ခြံထဲ ရေလောင်းနေတာ မပြီးတာနဲ့ စောင့်နေတာစုပြည့်ရဲ့"

သန္တာကပြောတော့ စုပြည့်ရဲ့အကြည့်က ဝသုန်ဆီ ရောက်သွားသည်။

အသားညိုညို မျက်ခုံးကောင်းကောင်း ယောကျ်ားပီသသည့် ရုပ်ရည်ရှိသော ဝသုန်ကို သူငေးကြည့်မိ၏။





"လာကြပါ ... "

စုပြည့်က ဧည့်ခန်းထိုင်ခုံပေါ်ခေါ်တော့ မြင့်ဇော်၊ ဝသုန်၊ သန္တာနှင့် ကြည်မေတို့ ဧည့်ခန်းထဲဝင်လာသည်။

"ဟယ် ... နင်တို့ အိမ်ကြီးထဲကလည်း ခမ်းနားလိုက်တာ ... နန်းတော်ကြီးထဲရောက်နေသလိုပဲ"

"ဟုတ်ပါရဲ့ ... ကော်ဇောနီကြီးတွေကလည်း နင်းရက်စရာတောင်မရှိဘူး ... ကောင်းလိုက်တာ"

သန္တာနှင့်ကြည်မေက ဧည့်ခန်းကိုကြည့်ပြီး ဘစ်ယောက်တစ်မျိုး ချီးကျူးနေကြသည်။

ဝသုန်က ဧည့်ခန်းနံရံတွင် ချိတ်ထားသော ပန်းချီကားချပ်ကြီးများကို စိတ်ဝင်တစားနှင့်ကြည့်နေသည်။

စုပြည့်က ... ဝသုန်ရပ်ကြည့်နေသော ပန်းချီကားအား ...

"အဲဒါ စုပြည့်မေမေလေ ... "

"အင်း ... "

ဝသုန်ကခေါင်းညိတ်ပြသည်။ သန္တာက ...

"စုပြည့် မေမေကတော်တော်ချောတာပဲ၊ ပန်းချီကားထဲမှာတောင် ဒီလောက်ချောနေရင် အပြင်မှာလည်းချောမှာပဲ"

"နင် မြင်ဖူးတယ်မလား ... "

ကြည်မေကလှမ်းမေးတော့ သန္တာက ...

"စုပြည့်မေမေက စုပြည့်ကိုကျောင်းလိုက်ပို့ရင် ကားပေါ်ကဆင်းတာ မဟုတ်ဘူး ... ငါတွေ့ဖူးတာလည်း ဝေးဝေးကပဲ တွေ့ဖူးတာ"



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်၏။

ဝသုန်က ပန်းချီကားချပ်ကိုလက်နှင့် အသာအယာထိမည် အပြု တွင် ...

"ကလေး ..."

"ဗျာ ... "

ဦးအိုက်လုံက လှမ်း၍ခေါ်လိုက်ရာ ဝသုန်လန့်သွားသည်။

"ပန်းချီကားက လက်နဲ့ထိရင်ရေရှည်မခံဘူး ... မကိုင်ပါနဲ့လို့ အဘတောင်းပန်ချင်တယ်"

"ရပါတယ် အဘ ... ကျွန်တော်က ပန်းချီလက်ရာကို စိတ်ဝင်စားလို့ပါ"

"အေး ... အေး"

ဦးအိုက်လုံက ပြန်ထွက်သွားတော့ စုပြည့်က ...

"စိတ်မဆိုးနဲ့နော် ဝသုန် ... အဘဦးအိုက်လုံက ပစ္စည်းတွေကို အရမ်းနမြောတာ"

"ရပါတယ် ... အဘပြောတာမှန်တယ် ... ပန်းချီကားလက်ရာတွေ က ထိလိုက်ကိုင်လိုက်ရင် ပျက်စီးတတ်တယ်မလား ... "

"ဝသုန် ဘာလို့ မေမေ့ပုံပန်းချီကားကို စိတ်ဝင်စားတာလဲ"

ဝသုန်က ပန်းချီပုံကိုသေချာစိုက်ကြည့်၍ ...

"ဒီပန်းချီကားထဲမှာ ဝိညာဉ်ရှိနေတယ်"

"ဟင် ..."

ဝသုန်စကားကြောင့် စုပြည့်သည်းပါးစပ်အဟောင်းသားနှင့် အံ့ဩလို့





သွားသည်။ မြင့်ဇော်က ...

"အလကား ဒီကောင် နှင့်ကိုနောက်တာ ဝသုန်က အဲလိုပဲ ... ချိတည်တည်နဲ့ နောက်တတ်တယ်"

ပြောလိုက်သလို သန္တာကလည်း ...

"ငါတို့ခြံထဲလျှောက်ကြည့်ကြမယ် စုပြည့်လိုက်ခဲ့ပြ"

"ထမင်းစားပြီးမှလျှောက်ကြည့်ပါလား ... ခြံက အကျယ်ကြီးဆိုတော့ လျှောက်ရတာမောမှာပေါ့"

"ရပါတယ် ပြန်လာမှ ဗိုက်ချောင်ချောင်နဲ့ အပြက်စားတော့မယ်"

မြင့်ဇော်ကပြောသလို ကြည့်မေက ...

"ဟုတ်တယ် ... ခု ဗိုက်မဆာသေးဘူး ... စားသေးတယ်"

"အေးလေ ... နင်တို့သဘောပဲ လာ ... ခြံထဲသွားကြမယ်"

စုပြည့်က သူ့ သူငယ်ချင်းတွေကိုခေါ်ကာ ခြံထဲသို့ ဆင်းကာ သွားခဲ့တော့သည်။

***



www.burmeseclassic.com

www.burmeseclassic.com

သချိုင်းဝတွင် အဖြူရောင်ဝတ်စုံနှင့်
မိန်းမတစ်ယောက်ရပ်လို့နေလေရဲ့ . . .

## အခန်း (၈)

## ကိုယ့်အုတ်ဂူ

ခြံထဲရှိ သီးပင်စားပင်တို့ကိုကြည့်ပြီး သန္တာတို့ ပျော်နေကြသည်။ သရက်၊ မရမ်းစတဲ့ အပင်တို့က အသီးတို့ကိုကြည့်ပြီး ကြည်နူးနေကြ၏။

"နင်တို့ခြံကြီးက အကျယ်ကြီးဟာ ... ပျော်စရာလည်း ကောင်းတယ်"

သန္တာရဲ့စကားကို ကြည်မေက ...

"ဟုတ်တယ် ... စုပြည့် ခြံကထွက်တဲ့အသီးတွေကလည်း နည်းမှာမဟုတ်ဘူးနော်"

"အင်း ... ခြံအလုပ်သမားတွေရဲ့ စရိတ်တော့ရပါတယ်၊ ပိုရရင်လည်း အလုပ်သမားတွေကို တို့ဖေဖေကခွဲပေးတာပဲ"

စုပြည့်ကရှင်းပြလိုက်သည်။ ဝသုန်က ...

"စုပြည့်ပြောတဲ့ ကိုယ်ပိုင်သချိုင်းဆိုတာ ဘယ်နားမှာလဲဟင်"

www.burmeseclassic.com



"ဟင် ... "

မထင်မှတ်တဲ့အမေးကြောင့် စုပြည့် ၀သုန်မျက်နှာကို ကြည့်လိုက်၏။ မြင့်ဇော်က ...

"ဒီကောင်က နင့်အိမ်ကိုလာတဲ့အဓိကအကြောင်းက နင်တို့ကိုယ်ပိုင် သချိုင်းကိုကြည့်ချင်လို့တဲ့ ... "

"အင်း ... ခြံအနောက်ဘက်မှာဆိုတော့ နည်းနည်းဝေးတယ်"

"ရတယ်လေ ... တို့လိုက်ကြည့်မယ်"

စုပြည့်က မြေနီလမ်းလေးအတိုင်း သူတို့ကိုခေါ်လာပြီး ကွေ့တစ်ခုကို ကွေ့လိုက်သည်။ ထိုကွေ့လွန်သောအခါ ကုန်းအနည်းငယ်မြင့်သောနေရာသို့ ရောက်လာ၏။

ထိုကုန်းအမြင့်၏ တစ်ဖက်တွင် ပေတစ်ရာပတ်လည်လောက်ရှိသော မြေနေရာကို အုတ်တံတိုင်းကာလို့ထားသည်။

"ဒီသချိုင်းပဲ"

"ဟယ် ... "

သန္တာတို့ အံ့သြသွားကြသည်။ စုပြည့်ကသချိုင်းအဝင် အုတ်တံတိုင်း အဝင်တံခါးဝကိုဖွင့်ကာ အထဲသို့ဝင်လာသည်။

အုတ်ဂူတိုင်း၏ ပုံသဏ္ဌာန်မှာ ခပ်မြင့်မြင့်နှင့်တခမ်းတနားကို လုပ်ထားသည်။

"တို့မေမေရဲ့ မိဘတွေ အဘိုးအဘွားတွေရဲ့အုတ်ဂူတွေပေါ့ ... ဟိုဘက်က အနီရောင်ဆေးသုတ်ထားတဲ့ အုတ်ဂူက တို့မေမေရဲ့အုတ်ဂူ လေ ... "





"နင့်တို့ သချိုင်းကလည်းဟာ လှလှပပကိုလုပ်ထားတာ ပန်းခြံလေး ကျနေတာပဲ"

မြင့်ဇော်ကပြောတော့ စုပြည့်က ...

"သချိုင်းကို မေမေက အမြဲသပ်သပ်ရပ်ရပ်ဖြစ်အောင် ထားနိုင်းတယ် လေ ... မေမေကပြောတယ် ဒီသချိုင်းဟာ သူ့ဆွေတော်မျိုးတော်တို့ရဲ့ သချိုင်းတဲ့ ရှုပ်ပွနေတာ မြက်ရိုင်းတွေ ပေါက်တာမကြိုက်ဘူးလေ"

"ဟိုဘက်က အုတ်ဂူက ဘယ်သူ့ဂူလဲ ... ထိပ်မှာလည်း အပေါက် ကြီးနဲ့ ... "

ကြည်မေက စုပြည့်မေမေ့အုတ်ဂူဘေးက အုတ်ဂူကို ကြည့်၍ မေးလိုက်ရာ စုပြည့်က ...

"အဲဒါ ငါ့ရဲ့ဂူလေ ... "

"ဟင် ... "

"ဟုတ်တယ် ... အဲဒီဂူက ငါ့အတွက်လုပ်ထားတာ၊ ငါသေရင် သင်္ဂြိုဟ်ဖို့လေ"

စုပြည့်စကားကြောင့် သူသူငယ်ချင်းအားလုံး တအံ့တသြနှင့် အုတ်ဂူကို ဝိုင်းကြည့်ကြသည်။

"ငါတို့မျိုးရိုးက မသေခင်တည်းကသချိုင်းမှာ အုတ်ဂူလုပ်ထားတာ အစဉ်အလာပဲ သေတော့ထပ်မလုပ်ရတော့ဘူးပေါ့"

"တကယ်လို့ နင့်အမေနဲ့အဘိုးအဘွားတွေသေရင် ဒီမှာပဲ သင်္ဂြိုဟ် မှာလား"

မြင့်ဇော်ကမေးရာ စုပြည့်က ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လို့လဲ _ ဖေဖေတို့က တို့မေမေမျိုးရိုးမှ မဟုတ်တာ"

"တကယ်လို့ ဒီသချိုင်းမှာပဲသင်္ဂြိုဟ်ခဲ့ရင် _ "

"ဝိညာဉ်တွေ ကျိန်ဆဲမှာပေါ့ _ အဘိုးက သူ့ကို ဝိညာဉ်တွေကျိန်ဆဲမှာ ဒဏ်ခတ်မှာတော်တော်ကြောက်တယ်"

"အဲလိုလား ... "

ဝသုန်က အဝေးတစ်နေရာသို့ကြည့်လိုက်ရာ သူ့စိတ်ထဲမှာ တစ်စုံတစ်ယောက် ထိုနေရာမှာရှိနေသည်ဟုထင်ရသည်။

"ပြန်ရအောင်ဟာ ... ဒီနေရာမှာ ကြာကြာနေရင် ငါငိုချင်လာတယ်"

စုပြည့်ကပြောတာကြောင့် သန္တာတို့လည်း အလိုက်တသိနှင့် ထိုနေရာမှထွက်လာကြသည်။

ဝသုန်ကနောက်သို့လှည့်ကြည့်လိုက်ရာ _

"ဟင် ... "

သချိုင်းဝတွင် အဖြူရောင်ဝတ်စုံဖြင့် မိန်းမတစ်ယောက် ရပ်လို့နေတာကို ရိပ်ခနဲတွေ့ရသည်။

အဖြူရောင်ဝတ်ရုံက လေထဲမှာလွင့်နေသည်။

နောက်ဆုံးတွင် ကျန်နေခဲ့သည့် ဝသုန်အား မြင့်ဇော် က ...

"ဟေ့ကောင် _ ဝသုန်ဘာလုပ်နေတာလဲ"

"ဟင် ... "

ဝသုန်သတိပြန်ဝင်လာကာ မြင့်ဇော်တို့နောက်လိုက်လာသည်။

"နင်တို့ခြံက ဘယ်နှစ်ကလောက်ကျယ်လဲ _ စုပြည့်"





"ဆယ်ကေကျော်တယ်ထင်တာပဲ _ ဘာလို့လဲ ကြည်မေ _ "

"ခြံဒီလောက်အကျယ်ကြီးနေတာ မပျင်းဘူးလားလို့ _ မေးမလို့"

စုပြည့်ကပြုံး၍ ...

"ငါကငယ်ငယ်ထဲက မေမေနဲ့အတူနေလာတာ ... မေမေနဲ့ပဲ ဆော့ စား _ တခြားအဖော်တွေနဲ့လည်း မေမေကပေးမဆော့ဘူးလေ _ ငါ့အတွက်က ဘာမှမထူးပါဘူး"

"အင်းလေ _ အဲဒါကြောင့် နင့်ကြည့်ရတာ ဘယ်သူနဲ့မှမတူတာ"

ကြည်မေပြောတာကို စုပြည့်ကလှမ်းပြုံးပြလိုက်ပြီး၊ အိမ်ကြီးဆီသို့ ထွက်ကာလာခဲ့တော့သည်။

***



www.burmeseclassic.com

www.burmeseclassic.com

"ငါတို့ပြန်တော့မယ် စုပြည့် ... နင် အားရင်လည်းတို့ဆီ လာလည်ဦး"

"အေး ..."

သူငယ်ချင်းတွေကလက်ပြကာ ဆိုင်ကယ်ပေါ်တက်၍ မောင်းထွက်သည်အပြု ... ဝသုန်က စုပြည့်အားသေချာစိုက်ကြည့်လိုက်သဖြင့် စုပြည့်ခေါင်းကို အလျှင်အမြန်ငုံ့လိုက်သည်။

ရင်ခုန်သံတွေကတော့ တဒိုင်းဒိုင်း ...

"သွားမယ်နော် ..."

လေသံကတိုးတိုးလေးပေမယ့် စုပြည့်ရင်ထဲထိ ဖောက်ဝင်သလိုကြားရ၏။

"ဟူး ... ဟူး"

ဆိုင်ကယ်နှစ်စီးကခြံထဲက မောင်းထွက်သွားတော့ စုပြည့်လည်း ဆိုင်ကယ်ပေါ်က သူငယ်ချင်းတွေရဲ့ နောက်ကျောကိုကြည့်ကာကျန်ခဲ့သည်။

---

ရွှေရင့်အောင်စာပေ



"မြေး ... သူငယ်ချင်းတွေနဲ့နေရတာပျော်ရဲ့လား"

"ဟုတ်ကဲ့ ..."

အဘဦးအိုက်လုံမေးတာကို စုပြည့်က ခေါင်းညိတ်ပြ လိုက်သည်။

"အေးလေ ... လူဆိုတာအပေါင်းအသင်းနဲ့နေရတာ ပေါ့ ... ဒါမှ တစ်ယောက်စိတ်က အတွေ့အကြုံ တစ်ယောက်ရမှာ လေ"

"အဘ ... စုပြည့်သူငယ်ချင်းတွေက ခင်ဖို့ကောင်းတယ် နော်"

အဘဦးအိုက်လုံကပြုံးလိုက်၏။ ထိုအပြုံး၏ အဓိပ္ပါယ် ပါမှန်းသိ၍ စုပြည့် မလုံမလဲဖြစ်သွားသည်။

"ငါ့မြေးလည်း ဒီအရွယ်ရောက်တော့မှ သူငယ်ချင်း အပေါင်းအသင်း ရယ်လို့ ရှိလာတော့တယ် ... ကောင်းပါတယ် တစ်ယောက်တည်းဆို မှိုင်တွေ ဒီတွေးနဲ့ ... စိတ်ကအစ လန်းဆန်းမှုဘယ်ရှိတော့မလဲ"

"အဘ ... စုပြည့်လည်း သူတို့ဆီသွားလည်ချင်တယ်"

အဘဦးအိုက်လုံက ပြုံး၍ခေါင်းညိတ်လိုက်သည်။

"မြေး ... ဖေဖေကိုပြောပေါ့ ... မြေးဖေဖေက ခွင့်ပြုရင်သွားလေ"

"စုပြည့်ပြောရင် အဘလည်း ဝိုင်းပြောပေးနော်"

"ပြောပေးမှာပေါ့မြေးရဲ့ ..."

စုပြည့်လည်းဝမ်းသာသွားပြီး သူ့အခန်းထဲသို့ဝင်လာ သည်။ သူငယ်ချင်းတွေနှင့် စားလိုက်သောက်လိုက် စကားပြောလိုက်နှင့်ပျော်စရာကောင်းသည်။

အားလုံးထဲမှာ စကားနည်းတာဝသုန် ...

---

ရွှေရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

သူတို့စကားပြောနေလျှင် ငြိမ်၍နားထောင်နေပြီး ရယ်စရာရှိလျှင် လိုက်မရယ် ပြုံးရုံသာပြုံးသည်။ ကိုယ်တိုင်လည်း ဘာစကားမှ ဝင်မပြော။

အနေအေးသူတစ်ယောက်ပုံစံထက် စုပြည့်လှုပ်ရှားတာကို စိတ်ဝင်တစားနှင့် လိုက်ကြည့်နေသည့်ပုံမျိုးဖြစ်နေ၏။

ဝသုန်မှာထူးခြားတာက စူးရှတောက်ပသည့် မျက်ဝန်းနက်များ။ ရင်တစ်ခုလုံးကိုဖောက်ထွက်မတတ်အောင် စူးစိုက်တဲ့အကြည့်တွေက စုပြည့်ရဲ့ ရင်ကိုတုန်လှုပ်သွားစေတာ အမှန်ပင်ဖြစ်သည်။

အိပ်ရာပေါ်လှဲကာ မျက်ဝန်းထဲစွဲထင်နေသည့် ဝသုန်ရဲ့မျက်နှာကို မေ့ပျောက်နိုင်အောင်ကြိုးစားသည်။

ထိုစဉ် ...

"စုပြည့် ... "

"ဟင် ... "

အခန်းဝက အထဲသို့ဝင်လာသည့် အသံနှင့်အတူ မေမေရဲ့ခေါ်သံကြောင့် စုပြည့်လန့်သွားသည်။ မေမေရဲ့ မျက်နှာကတင်းမာလို့နေ၏။

"ငါမရှိတော့ ... နင်သိပ်လွတ်လပ်နေတယ်ပေါ့ ဟုတ်လား _ "

"ရှင်"

"အပေါင်းအသင်းတွေနဲ့ ဝေလားဝါးလားလုပ်တယ်၊ အဆိုးဆုံးက ကိုယ့်ဆွေတော်မျိုးတော်တွေရဲ့သချိုင်းကို တခြားလူတွေကို ဘာလို့ခေါ်ပြရတာလဲ"

ထုံးစံအတိုင်း စုပြည့်ခုတင်ပေါ်မှအမြန်ဆင်းကာ မေမေ ရှေ့တွင် ဒူးထောက်ထိုင်ကာ ခေါင်းကိုအောက်ငုံ့ထားသည်။





"ဟဲ့ _ ငါမေးတာဖြေလေ"

"ဟို _ သူတို့က ကြည့်ချင်တယ်ဆိုလို့ပါ"

"ကြည့်ချင်တိုင်းလိုက်ပြလို့ရမလား _ နောက်တစ်ခါ လိုက်ပြရင် နင့်ကိုဒဏ်ခတ်မယ်"

"ဟုတ်ကဲ့ ... "

စုပြည့်တစ်ယောက် ခေါင်းညိတ်လိုက်၏။

"ငါ ... သွားမယ် ... နင့်အဖေ အိမ်ကို မိန်းမတစ်ယောက်ခေါ်လာလိမ့်မယ် ... နင်ဘာလုပ်ရမလဲဆိုတာ နင့်ကိုငါပြောမယ် ...

ခုတော့ _ ငါသွားမယ် နင့်ကိုသေချာတော့မှာခဲ့မယ် ... နင့်အဖေခေါ်လာတဲ့မိန်းမကို နင်လုံးဝမချစ်ပါနဲ့"

"ဟုတ်ကဲ့ ... "

မေမေဘာပြောပြော လွှန်ဆန်ရဲတဲ့သတ္တိ စုပြည့်မှာ မရှိ _ မေမေရဲ့စကားအားလုံးဟာ သူလိုက်နာရမည့်အရာတွေ ဖြစ်နေမှန်း စုပြည့်နားလည်ထားသည်လေ ...

"သမီး ... "

"ရှင် ... "

ခုတင်ဘေးမှာ ဒူးထောက်ထိုင်နေသည့်စုပြည့်ဘီသို့ ဖေဖေပြေးလာသည်။

"သမီး _ ခုတင်ဘေးမှာ ဘာလို့ဒူးထောက်ထိုင်နေတာလဲ _ ထ ထ ... "

"ဖေဖေ ... "



www.burmeseclassic.com

www.burmeseclassic.com

"ဟော ..."

စုပြည့်မျက်လုံးထဲတွင် မျက်ရည်စတို့ကိုတွေ့လိုက်ရာ ကိုထက်ဇော် စိုးရိမ်သွားသည်။

"မေမေ သမီးဆီလာသွားတယ် ..."

"သမီးရယ် ... ထပါကွယ်"

ကိုထက်ဇော်က စုပြည့်ပခုံးနှစ်ဖက်ကို ကိုင်ကာ မတ်တတ်ရပ်စေ လိုက်သည်။

"မေမေက သမီးကိုဆူတယ် ဖေဖေ ..."

"သမီးကို ဖေဖေပြောထားတယ်လေ သမီးမေမေနဲ့ ပတ်သက်လို့ တတ်နိုင်သမျှ စိတ်ထဲဘာမှမထားပါနဲ့လို့ ..."

"သမီး ... မေမေ့ကိုကြောက်တယ်"

"သမီးရယ် ..."

ကိုထက်ဇော်က စုပြည့်ကို သူ့ရင်ခွင်ထဲထည့်ကာ ထားလိုက်၏။

"ဖေဖေ ... သမီးသူငယ်ချင်းတွေ ဒီနေ့လာသွားတယ်"

"ဟုတ်လား ... သမီးပျော်ရဲ့လား"

"ပျော်တယ် ဖေဖေ ... သူတို့ကလည်း သူတို့အိမ်ကို လာလည်ဖို့ ခေါ်တယ်"

"ဟုတ်လား ... သွားရမှာပေါ့ သူငယ်ချင်း အပေါင်းအသင်းဆိုတာ ဒီလိုပဲလေ ... ကိုယ့်အိမ်လည်း သူလာလည် သူ့အိမ်လည်းကိုယ်သွားလည် ဒါမှ ... ရင်းနှီးမှာလေ ..."

"သမီးသွားလည်မှာနော် ..."





"အေးပါ သမီးရဲ့ ... လာ ... ဖေဖေတို့ အိမ်ရှေ့သွားရအောင် သမီးအတွက် ဖေဖေမုန့်ပါတယ်"

ကိုထက်ဇော်က စုပြည့်ပခုံးလေးကိုဖက်ကာ အိမ်ရှေ့ ဧည့်ခန်းသို့ ခေါ်လာခဲ့တော့သည်။

***

www.burmeseclassic.com

သေသူရဲ့အခန်းမှာနေရပေးတာကြောင့်
ဝိညာဉ်စိတ်ခြောက်လှန့်မှုကိုခံရတဲ့အခါ . . .

## အခန်း (၉)

## ဝိညာဉ်စံအိမ်ကလာတဲ့ဧည့်သည်

"ဝူး ... "

"ကျွီ ... "

စိမ့်လဲ့မြိုင်စံအိမ်တော်ရဲ့ အိမ်ရှေ့ဆင်ဝင်အောက်မှာ အငှားကားသမားက ကားကိုရပ်ပေးတော့ လွတ်လပ် ကားပေါ်ကအထုပ်အပိုးများ အဝတ်သေတ္တာများကို အောက်သို့ချလိုက်သည်။

"ညသည်ရောက်လာပြီလား _ မိအေးရေ လာဦး _ ပစ္စည်းတွေ လာသယ်စမ်း ... "

အသက်ခြောက်ဆယ်အရွယ်လူကြီးက အိမ်ထဲသို့ လှမ်းပြောကာ လွတ်လပ်ကိုရင်းနှီးစွာ ကြိုဆိုသည်။

"မောင်ထက်ဇော်က မနေ့ညတည်းက သေချာပြောထားတာ လာပါ အထဲဝင်လေ _ ပစ္စည်းတွေ ကောင်မလေးတွေ သယ်လိမ့်မယ်"

"ဟုတ်ကဲ့ ... "

www.burmeseclassic.com



လွတ်လပ် အိမ်ထဲသို့ဝင်လာကာ ညှော်ခန်းတွင်းရှိ ဆိုဖာထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

"အဘနာမည် ဦးအိုက်လုံပါ ... ဒီအိမ်ကြီးရဲ့ ဘဏ္ဍာထိန်းကြီးဆိုတော့ မောင်ထက်ဇော်ပြောတာက ကလေးမ က ... "

"လွတ်လပ်ပါ ... သူနာပြုတစ်ယောက်ပါ ကိုထက်ဇော်က ဒီအိမ်မှာ သူနာပြုလုပ်ဖို့ အလုပ်ခေါ်ထားတာလေ ... "

"အင်း ... အင်း"

ဦးအိုက်လုံက ခေါင်းကိုတညိတ်ညိတ်လုပ်လိုက်၏။

"ကလေးမ ... နေဖို့အတွက် အောက်ထပ်က အခန်းတစ်ခန်းကို သန့်ရှင်းရေးလုပ်ခိုင်းထားပါတယ်၊ အဲဒီအခန်းမှာ နေပေါ့ ... "

"ဟုတ်ကဲ့ ... "

"အခန်းထဲမှာ အိမ်သာ၊ ရေချိုးခန်းရှိတော့ ကလေးမအတွက် အဆင်ပြေမှာပါ၊ ကပ်ရက်အခန်းမှာ မြေးမလေးစုပြည့် အိပ်တယ်"

"နေလို့ဖြစ်ရင်ရပါတယ် ... "

လွတ်လပ်က သဘောရိုးအတိုင်းပြော၏။ သူနာပြုအလုပ်ကို ပုဂ္ဂလိကဆေးရုံတစ်ခုမှာ အစပြုခဲ့ပြီး၊ အလုပ်ကို ကျွမ်းကျင်းစွာလုပ်ခဲ့ပေမယ့် အချိန်နှင့်နေရာအခက်အခဲကြောင့် ထွက်ခဲ့ရသည်။

နယ်မှမိဘများကလည်း ဆုံးပါးသွားပြီး ... ညီအစ်ကိုမောင်နှမမွေးချင်းမရှိတဲ့ လွတ်လပ်တစ်ယောက် အဆောင်၌ ငှားနေကာ တခြားအလုပ်တစ်ခုရှာနေစဉ် ... သတင်းစာ၌ သူနာပြုဆရာမတစ်ယောက်အလိုရှိသည် ကြော်ငြာပါလာ၍ လွတ်လပ်လျှောက်ခဲ့ခြင်းဖြစ်သည်။





"ကလေးမ စိမ်းလဲ့မြိုင်စံအိမ်အကြောင်း ဘာတွေ သိထားလဲ"

"ရှင် ... "

ဦးအိုက်လုံအမေးကြောင့် လွတ်လပ်မျက်လုံးလေးဝိုင်းကာ ကြည့်မိသည်။

"ဒီလိုပါ ... သူနာပြုဆိုတော့ ဒီအိမ်ကြီးကလူတွေရဲ့ ကျန်းမာရေးအခြေအနေကို မောင်ထက်ဇော်က သူနာပြုလုပ်မယ့် ကလေးမကိုပြောပြထားသလားလို့ ... "

"သဘောလောက်တော့ ပြောပြထားပါတယ် ... "

ဦးအိုက်လုံက အဓိပ္ပါယ်ပါပါပြုံးလိုက်၏။

ပြီးတော့ ...

"ဘယ်သူ့ကို ကလေးမပြုစုရမယ်ပြောလဲ ... "

ဦးအိုက်လုံရဲ့လေသံက အေးစက်လို့နေသည်။ လွတ်လပ်က ...

"ကိုထက်ဇော်ပြောတာ ဆယ့်ခြောက်နှစ်လောက်ရှိမယ့် သူ့သမီးလေး စုပြည့်တဲ့ ... "

"ဟင်း ... "

ဦးအိုက်လုံး သက်ပြင်းရှည်ကြီးကိုချလိုက်၏။

"ဘာလို့လဲဟင် ... စုပြည့်ရဲ့ကျန်းမာရေးအခြေအနေက တော်တော်ဆိုးနေလို့လား"

"မြေးက ... ဘာမှမဖြစ်ပါဘူး"

"ဟင် ... အဲလိုဆို သူနာပြုဘာလို့ငှားတာလဲ ... ကျန်းမာရေးကောင်းနေတယ်ဆို ... သူနာပြုငှားစရာမှ မလိုတာ ... "



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ကစိတ်ထဲရှိတဲ့အတိုင်း ပွင့်လင်းစွာ ပြောချလိုက်၏။ ဦးအိုက်လုံက လေသံအေးအေးနှင့် ...

"မြေးမ ဖြစ်နေတာက သေသွားတဲ့ သူ့မအေကို တွေ့တွေ့နေတာပါ"

"ဟင် ... "

"ဟုတ်တယ် ... သူ့မအေက သူ့အပေါ်လွှမ်းမိုးလွှမ်းနေတယ် ... သူ့မအေနဲ့သူစကားပြောတယ် ... သူ့မအေနိုင်းတဲ့ အတိုင်းသူလုပ်တယ် ကလေးမ"

"စုပြည့်က တကယ် သူ့အမေကိုတွေ့တာလား ... "

"အဘတို့တော့ အတိအကျမသိဘူး ... မြေးကတော့ သူ့အမေကို တွေ့တယ်လို့ပြောတာပဲ"

"စုပြည့်အမေ မကျွတ်မလွတ်ဖြစ်နေတာလား အဘ"

လွတ်လပ် မေးတာကို ဦးအိုက်လုံကမဖြေပဲ ... ထိုင်ရာမှ မတ်တတ်ထရပ်၍ ...

"လာ ... ကလေးမ ... ကလေးမနေရမယ့်အခန်းကို အဘ လိုက်ပြမယ်"

ခေါ်ရာ လွတ်လပ်လည်း အဘဦးအိုက်လုံနောက်သို့ လိုက်လာခဲ့တော့သည်။

***

အခန်းကပေနှစ်ဆယ်ပတ်လည်ခန့်ကျယ်ပြီး အခန်းထဲတွင် ခုတင်ကျွန်းဗီရိုကြီးများ အလှပြင်ရန်မှန်တင်ခုံတို့ရှိသည့်အပြင် အခန်းနံရံတွင် ကြီးမားသော ပန်းချီကားချပ်ကြီးရှိ၏။

"ကလေးမ ... အနားယူဦး ... မောင်ထက်အောင်က ညနေမှလာမှာ လိုတာရှိရင် အိမ်ကအလုပ်သမားကောင်မလေးတွေကို ခိုင်းလို့ရတယ် ... "

"ဟုတ်ကဲ့ ... အဘ"

ဦးအိုက်လုံက ထွက်သွားတော့ လွတ်လပ်လည်း အခန်းတွင်းကို လိုက်လံကြည့်သည်။ ရေချိုးခန်း၊ အိမ်သာခန်းတို့မှာ ကြွေပြားများဖြင့် သန့်ရှင်းသပ်ရပ်စွာရှိပြီး အပြင်အဆင်များမှာ ခေတ်မီလှသည်။

အခန်းပြတင်းပေါက်က နှစ်ပေါက်ဖြစ်၍ ဖြူဖွေးနေသော လိုက်ကာများ တပ်ဆင်ထား၏။

အခန်းတွင်းတစ်ခုလုံးကို သစ်လွင်နေသော ပန်းနုရောင် ဆေးတို့



ရွှေရင်အောင်စာပေ

www.burmeseclassic.com



သုတ်ထားသလို အောက်အခင်းကိုလည်း ပြောင်လက်နေသည့် ပါကေးတို့ ခင်းထားသည်။ အအေးဓာတ်အနည်းငယ်သာဖွင့်ထားသည့် အဲယားကွန်း၏ အရှိန်ကြောင့် အခန်းထဲတွင် စိမ့်စိမ့်လေးအေးနေ၏။

ခုတင်ပေါ်ရှိအိပ်ရာမှာ နှစ်ယောက်အိပ်မွေ့ရာအထူကြီးဖြစ်ပြီး အပြာနုရောင်အိပ်ရာခင်းကိုခင်းထားသည်။ ခေါင်းအုံးမှာလည်း သစ်လွင် တောက်ပနေသည်။

လွတ်လပ်စိတ်ဝင်အစားဆုံးက နံရံတွင်ချိတ်ထားသည့် ပန်းချီကား ချပ်ကြီးဖြစ်၏။

"ဟင်"

ပန်းချီကားချပ်ကြီးထဲမှာ အမျိုးသမီးတစ်ဦး ... ပြုံးရယ်ချင်းမရှိဘဲ မျက်နှာကတည်တည် ရင်စေ့အကျီလက်ရှည် အဝါနုရောင်ကို ချိတ်ထဘီ အနက်ရောင်နှင့်တွဲဖက်၍ ဝတ်ထား၏။

နန်းဆန်သည့် မျက်နှာပေါက်နှင့်ချောမောလှပသည့် အမျိုးသမီးရဲ့ ပန်းချီပုံမှာ အသက်ဝင်လှသည်။ ထိုပန်းချီကားထဲမှ အမျိုးသမီး၏မျက်နှာတွင် အထူးခြားဆုံးမှာ မျက်လုံးပင်ဖြစ်သည်။

ထူထဲသောမျက်ခုံးအောက်က တောက်ပသောမျက်လုံးတို့မှာ လွတ်လပ်ရင်ထဲကိုဖောက်ဝင်လောက်အောင် ကြည့်နေ သည်ဟုထင်ရသည်။

အလွန်အသက်ဝင်စွာလက်ရာကောင်းလှသည့် ပန်းချီကားကို လွတ်လပ်စိတ်ဝင်တစားနှင့်ကြည့်နေစဉ် ...

"မမလေး ..."

"ဟင် ..."





အခန်းဝကခေါ်သံကြောင့် လွတ်လပ်လန့်သွားသည်။ ကြည့်လိုက်တော့ အသက်ဆယ့်ရှစ်နှစ်ဝန်းကျင် ကောင်မလေး တစ်ယောက်အခန်းဝမှာ ရပ်နေသည်။

"ဒေါ်ဖွားရှင်က လွှတ်လိုက်တာပါ မမလေးလိုတာ ခိုင်းဖို့ပါ ..."

"ဪ ... အေး ... အေး ... လာလေ"

လွတ်လပ်ကကောင်မလေးကို အခန်းထဲသို့ ခေါ်လိုက်၏။ ဒီအိမ်ကြီးရဲ့ အကြောင်းကို သူသိချင်သည်။ ပြီးတော့ ဒီအခန်းထဲကပန်းချီပုံကြီး ...

"ညီမလေး နာမည်ကဘယ်သူလဲ ..."

"မသိမ့်ပါ ... ဒီအိမ်ကြီးရဲ့အလုပ်သမား ..."

ကောင်မလေးက လွတ်လပ်ရှေ့ တရိုတသေရပ်ကာ ဖြေသည်။

"မသိမ့်ကို မမမေးစရာရှိတယ် ဒီအခန်းက တော်တော့်ကို တခမ်းတနား ပြင်ထားတာဆိုတော့ အရင်က ဘယ်သူနေခဲ့လို့လဲ ..."

"ဟို ... ဟို ..."

မသိမ့်ကပန်းချီကားပုံကိုလက်ညှိုးထိုးပြသည်။ လွတ်လပ်က ...

"သူက ... ဘယ်သူလဲ"

"သခင်မလေးပါ ..."

"သခင်မလေး ဟုတ်လား ..."

လွတ်လပ်က စကားကိုတစ်လုံးချင်းရေရွတ်လျက်မေး၏။

"ဟုတ်ပါတယ် ... စုပြည့်ရဲ့အမေလေ ... ထိပ်ပန်းစံ"

"ကိုထက်ဖော်ရဲ့မိန်းမပေါ့ ... အတော်ချောတာပဲ ... မာန်မာန တော့ကြီးပုံရတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ..."

မသိမ့်က ခေါင်းကိုမရဲတရဲညိတ်သည်။

ပန်းချီပုံထဲက ထိပ်ပန်းစံကို ဒီအိမ်ကအလုပ်သမားတွေ အတော့်ကို ကြောက်ပုံရသည်။

"မသိမ့်က ဒီမှာအလုပ်လုပ်တာကြာပြီလား ..."

"ငယ်ငယ်တည်းကပါ ..."

"ဟင် ... ကြာပြီပေါ့ အဖေ ... အမေမရှိဘူးလား"

မသိမ့်က လွတ်လပ်မျက်နှာကို ဖြည်းဖြည်းမော့ကြည့်၍ ...

"မရှိတော့ပါဘူး သခင်ကြီးနဲ့သခင်မကြီးက ခေါ်လာတာပါ ... ဒီအိမ်ကြီးက အလုပ်သမားကောင်မလေးတွေလည်း မိဘမဲ့တွေပါ ...

သခင်ကြီးတို့ကပဲ စောင့်ရှောက်ခဲ့တာပါ မမလေး"

"သခင်ကြီး သခင်မကြီးဆိုတာ ဒီအိမ်မှာရှိသေးလား ..."

"ရှိပါတယ် ... အပေါ်ထပ်မှာနေကြတယ် ဘယ်သူမှ စကားမပြောကြဘူး"

"အင်း ... ဒီအခန်းက မထိပ်ပန်းစံအခန်းဆိုတော့ သူမသေခင်ထိ နေခဲ့တာပေါ့ ..."

"အင်း ..."

မသိမ့်ကခေါင်းညိတ်လိုက်သည်။ လွတ်လပ်စိတ်ထဲမှာလည်း တစ်မျိုးခံစားရသည်။

"မမ ဘာအလုပ်မှနိုင်းစရာမရှိဘူး ... မသိမ့်သွားချင်သွားတော့ လိုရင်ခေါ်လိုက်မယ်"





"ဟုတ်ကဲ့ ..."

မသိမ့်အခန်းထဲကထွက်သွားတော့ လွတ်လပ်လည်း ခုတင်ပေါ် တက်ကာလှဲလိုက်သည်။

သူ့စိတ်ထဲမှာတော့ တစ်စုံတစ်ယောက်က သူ့ကိုသေချာ စိုက်ကြည့်နေသည်ဟု စိတ်ထဲထင်မိတော့သည်။

***



www.burmeseclassic.com

www.burmeseclassic.com

အခန်းထဲမှာ ပရိတ်လေးဝမရွတ်ပါနဲ့ . . .

## အခန်း (၁၀)

## သတိလာပေးခြင်း

"ဟဲ့ ... ထစမ်း"

ခန္ဓာကိုယ်ကိုလှုပ်ကာ စကားသံမာမာဖြင့် ခေါ်လိုက်တာကြောင့် လွတ်လပ် ဆတ်ခနဲနိုးကာ မျက်လုံးဖွင့်ကြည့်လိုက်သည်။

"ဟင် ... "

သူ့ရင်ထဲထိတ်ခနဲဖြစ်သွားသလို သူ့မျက်နှာကို သူမယုံနိုင်အောင် ဖြစ်သွား၏။

"နင် ... ငါ့အိပ်ရာပေါ် ဘာလို့တက်အိပ်ရတာလဲ"

"ရှင် ... ရှင် ... "

လွတ်လပ် ဘယ်လိုမှမယုံနိုင်။ ပန်းချီကားထဲက အမျိုးသမီးဝတ်စုံက ပန်းချီကားထဲကဝတ်စုံမဝတ် အဖြူရောင်ဂါဝန်ရှည်နှင့်ဆံပင်ကို ဖားလျား ချထားသည်။



www.burmeseclassic.com

www.burmeseclassic.com


ပန်းချီကားထဲကထက်စာရင် မျက်နှာကပို၍ရင့်နေကာ အသက်သုံးဆယ့်ငါးနှစ်ခန့်ရှိလေပြီ။

"ငါ ... ထိပ်ပန်းစံ ... နင်ဆင်းစမ်း ငါ့ခုတင်ပေါ်က အခုဆင်း"

"ကျွန်မကို အဘဦးအိုက်လုံ နေခွင့်ပေးထားတာ"

လွတ်လပ်က အသံတုန်တုန်နှင့်ပြန်ပြောလိုက်သည်။ သူ့ တစ်ကိုယ်လုံးလည်း ကြက်သီးတွေထနေသည်။ အခန်းထဲမှာလည်း အချိုးအငွေ့တွေ တက်နေသည်ဟုထင်ရလောက်အောင် ဝေ့ဝါးနေ၏။

"ဟဲ့ ... ဒီအခန်းက ငါ့အခန်း နင်နေစရာမလိုဘူး။ ထွက်သွား မထွက်သွားရင် ငါဆွဲချမှာနော် ..."

"ဟို ... ဟို ... ကျွန်မဘယ်သွားနေရမလဲ"

"နင့်ဘာသာကြိုက်ရာသွားနေပေါ့ ..."

လွတ်လပ်က ခုတင်ထောင့်ဘက်ကို မသိမသာဆုတ်ရင်း ...

"ကျွန်မက သူနာပြုပါ ကိုထက်ဇော်ကလေးကို စောင့်ရှောက်ဖို့ လာတာပါ"

"ငါ့သမီးကို စောင့်ရှောက်ဖို့ ..."

အနည်းငယ်တွေသွားသည့် ထိပ်ပန်းစံကိုကြည့်ကာ လွတ်လပ် အနည်းငယ် စိတ်ခတ်တက်ကြွသွားသည်။

ကိုထက်ဇော်ပြောဖူးတာက သူ့မိန်းမ ထိပ်ပန်းစံ ဆုံးသွားပြီဆိုတော့ ... ခုတွေ့တာက ... ထိပ်ပန်းစံဆိုတဲ့ ဝိညာဉ် ...

"ကျွန်မ စုပြည့်ကိုစောင့်ရှောက်ဖို့ပါ ... ဒီအိမ်ကြီးအကြောင်းလည်း မသိပါဘူး ... သူတို့ထားတဲ့အခန်းမှာ နေရတာပါ ..."





လွတ်လပ်က ကြောက်ကြောက်နှင့်ရှင်းပြနေသည်။

"ဟုတ်ပြီလေ ... နင် ဦးစောအောင်ဘွားကို သိလား"

"ရှင် ..."

လွတ်လပ်ကမျက်လုံးလေးဝိုင်းသွားသည်။ ထိပ်ပန်းစံက ...

"ဦးစောအောင်ဘွားက ငါ့ကိုသတ်ခဲ့တယ် ... ငါ့သမီးကိုလည်း သတ်ဦးမှာ ... ဘာလို့လဲဆိုတော့ သူက ငါတို့မျိုးရိုးရဲ့ငွေးကို လှူလောက,က ယ်ထုတ်ချင်တာ"

"ကျွန်မ ... ဘာ ... ဘာလုပ်ရမလဲ"

"ငါ့သမီးကို သူမသတ်နိုင်အောင် စောင့်ရှောက်၊ ပြီးတော့ ... ဦးစောအောင်ဘွားဟာ သာမန်လူမဟုတ်ဘူး"

"ရှင် ..."

ထိပ်ပန်းစံပြောတာကို လွတ်လပ်နားမလည်ပါ ... ဦးစောအောင်ဘွားဟာ သာမန်လူမဟုတ်ရင် ... ဘာလဲ ...

"နင့်ကိုတစ်ခုမှာထားမယ် ..."

"ဟုတ်ကဲ့ ..."

ထိပ်ပန်းစံက လွတ်လပ်ကိုသေချာကြည့်၍ ...

"ဒီအခန်းထဲမှာ ... ဘုရားဂုဏ်တော်တို့ ပရိတ်တို့ လုံးဝမရွတ်ပါနဲ့"

"ဘယ် ... ဘယ်လို"

"အေး ... ငါမှာတဲ့အတိုင်းမလုပ်ရင် ဒီအခန်းထဲမပြောနဲ့ ဒီအိမ်မှာ ပါ နင်နေလို့မရအောင် ငါလုပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com

ထိပ်ပန်းစံက လေသံမာမာနှင့်ပြောလေရာ လွတ်လပ် တုန့်လို့သွား[illegible] သည်။ ထိုစဉ် ...

"ကျို ... "

အခန်းတံခါး တွန်းဖွင့်သံကြားရပြီး အခန်းဝတွင် ကောင်မလေး တစ်ယောက် လွတ်လပ်ကိုလှမ်းကြည့်နေသည်။ ထိပ်ပန်းစံကိုတော့ မြင်ပုံ မရ ...

"ဟိုမှာ ငါ့သမီး နင့်ဆီလာတော့မယ် ... ငါမှာတာ မမေ့နဲ့နော် ငါသွားပြီ"

ထိပ်ပန်းစံကပြောလည်းပြော သူ့ညာလက်ကိုမြှောက်၍ လေထဲ၌ပင် လွတ်လပ်ကိုရိုက်သလို လုပ်လိုက်ရာ လွတ်လပ်လည်း အိပ်ရာပေါ်ပစ်လဲကျ သွားသည်။

ထို့နောက် ... သူ့မျက်လုံးထဲတွင် မဲမှောင်လို့သွားကာ ဘာဆိုဘာကို မှ မသိတော့။

***



"အင်း ... "

"မမလေး ... နိုးပြီလား ... "

တစ်စုံတစ်ယောက်ရဲ့မေးလိုက်တဲ့အသံကြောင့်လွတ်လပ် မျက်လုံးကို ဖွင့်ကြည့်လိုက်ရာ သူ့ခုတင်ဘေးတွင်ရပ်ကြည့်နေတာက မသိမ့် ...

လွတ်လပ်လည်း ချက်ချင်းပင် နံရံကပန်းချီကားကို လှမ်းကြည့်လိုက် ၏။ ပန်းချီပုံကတော့ ပုံစံမပျက် ...

"ညနေစောင်းနေလို့ မမလေးကိုလာနှိုးတာပါ ... ဆက်အိပ်ရင် နေမကောင်းဖြစ်မှာစိုးလို့ ... "

"ကျေးဇူးပါပဲ ... မသိမ့်ရယ် ... ဘယ်လိုတောင် အိပ်ပျော်သွား မှန်းမသိဘူး"

လွတ်လပ်က အိပ်ရာကထရင်းပြော၏။ မသိမ့်က –

"မမလေး ... ရေချိုးလေ ... ကျွန်မစောင့်နေမယ် ပြီးရင် ... မမလေးကို အိမ်ရှေ့ခေါ်ခဲ့ဖို့ အဘကမှာလိုက်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး"

လွတ်လပ်လည်း ရေချိုး အဝတ်အစားလဲပြီးနောက် မသိမ့်နှင့်အတူ အိမ်ရှေ့သို့ထွက်လာခဲ့သည်။

အိမ်ရှေ့ဧည့်ခန်းတွင် အဘဦးအိုက်လုံနှင့်အတူ ကိုထက်ဇော်ကို တွေ့လိုက်ရသဖြင့် လွတ်လပ်အားနာသွားသည်။

"ဆရာမ လာ ... ထိုင်ပါ"

"အားနာလိုက်တာ ကိုထက်ဇော်မရောက်သေးဘူး အောက်မေ့လို့ ရေချိုးနေတာ"

"ရပါတယ် ... ဆရာမ နေရတာအဆင်ပြေရဲ့လား ... မပြေရင်ပြောနော်"

လွတ်လပ်ဘာဆက်ပြောရမှန်းမသိ ... သူ့အခန်းထဲမှာ ထိပ်ပန်းစံနှင့် တွေ့သည်ဆိုတာကိုပြောရန် သင့်မသင့်စဉ်းစားနေ၏။

သို့သော် ...

ပြောလျှင်ယုံကြည်မှုမရှိလျှင် မျက်နှာပျက်ရမည်စိုး၍ မပြောဘဲ နေရန်သာဆုံးဖြတ်လိုက်သည်။

"ဆရာမ ကြည့်ပေးရမယ့်သူက ... ကျွန်တော့်သမီး စုပြည့် ပါ ... စုပြည့်က လူမကျန်းမာတာတော့ မဟုတ်ဘူး ဆရာမ ... စိတ်က သူ့အမေလွမ်းမိုးလွန်းအားကြီးတော့ သူ့အမေရှိစဉ်ကအတိုင်း သူ့အမေစကား တွေကြားနေတယ် သူ့အမေရှေ့မှာနေသလိုနေတယ် ... ကျွန်တော်က ... ကျွန်တော့်သမီးရဲ့ပုံစံအားလုံးပြောင်းပစ်ချင်တယ် ... မရှိတော့တဲ့ သူ့အမေ လွမ်းမိုးလွန်းအားကြီးရင် ဒုက္ခရောက်သွားမှာစိုးလို့ ... "





"ဟုတ်ကဲ့ ... လွတ်လပ် ဘာလုပ်ပေးရမလဲ"

"ကျွန်တော့်သမီးရဲ့စိတ်ကို ပြုပြင်ပေးပါ ... သူ့ကို ဘာအနိုင်မှ မလွှမ်းမိုးစေချင်ဘူး ... အထူးသဖြင့် သူ့အမေရဲ့ ဝိညာဉ်မလွှမ်းမိုးစေချင်တာ ပါ"

"ရှင် ... "

အံ့သြသွားသည့် လွတ်လပ်ကိုကြည့်၍ ကိုထက်ဇော် ပြုံးလိုက်၏။

"ကဲပါ ... ထမင်းစားရအောင် ... သမီးနဲ့လည်း ဆရာမကို မိတ်ဆက်ပေးမယ် ... "

"ဟုတ်ကဲ့ပါ ... "

ကိုထက်ဇော်ကထ၍ ထမင်းစားခန်းသို့ လွတ်လပ်အား ခေါ်၍လာခဲ့ တော့သည်။

***



www.burmeseclassic.com

www.burmeseclassic.com

ဝိညာဉ်စာဝနှင့် သမီးထံလာ၍
သူဖြစ်ချင်တာကိုပြောတာကြောင့် . . .

## အခန်း (၁၁)

## ရှမ်းမိုးပဝိညာဉ်

"သမီး စုပြည့် ... ဒါ ဆရာမ သမီးမှတ်ထားနော်"

ထမင်းစား စားပွဲ၌ ကိုထက်ဖော်က သူ့သမီးစုပြည့်နှင့် လွတ်လပ်ကို မိတ်ဆက်ပေးသည်။

စုပြည့်က လွတ်လပ်ကိုလှမ်းကြည့်၍ ...

"ဆရာမဆိုတော့ စာသင်မှာလားဟင်"

ကိုထက်ဖော်အားမေးလိုက်ရာ ...

"စာသင်တဲ့ဆရာမ မဟုတ်ဘူး ... သမီးရဲ့ကျန်းမာရေး ဆရာမ ပေါ့ဖေတို့ ဘယ်လိုကျန်းမာအောင်နေရမယ်ဆိုတာ၊ ဆရာမက သင်ပြပေး သိမ့်မယ်"

"အိမ်မှာနေမကောင်းဖြစ်တဲ့လူက ဘိုးဘိုးကြီးပဲရှိတာမလား ... ဘိုးဘိုးကိုစောင့်ရှောက်ဖို့လား ... "



www.burmeseclassic.com

www.burmeseclassic.com

စုပြည့်ကမေးတော့ ကိုထက်ဇော်လည်း အလိုက်သင့်နှင့် ...

"ဟုတ်တယ် သမီး _ ဘိုးဘိုးကိုလည်းစောင့်ရှောက် တစ်အိမ်လုံးကိုလည်း စောင့်ရှောက်ပေါ့ _ ဟုတ်တယ်နော် ဆရာမ ..."

"ဟုတ်ကဲ့ ..."

လွှတ်လပ်က ခေါင်းညိတ်လိုက်၏။ ကိုထက်ဇော်က _

"သမီး ... ဆရာမ စကားနားထောင်ရမယ်နော်၊ ဆရာမပြောတဲ့အတိုင်းနေရမယ် ... ဆရာမသောက်ခိုင်းတဲ့ ဆေးတွေသောက်ရမယ် ... ဟုတ်ပြီလား"

"ဟုတ်ကဲ့ ..."

လွှတ်လပ် စုပြည့်မျက်နှာကို လှမ်းကြည့်လိုက်၏။ မျက်နှာကပြည့်ပြည့် ဖွေးဖွေးနှင့်ချစ်စရာကောင်းသည်။ မျက်လုံးလေးတွေက ရည်လဲ့ကာ စိတ်နှလုံးသား ဖြူစင်သည့်ရုပ်ရည် မျိုးဖြစ်၏။

"စုပြည့်အဖော်ရပြီလို့မှတ်ထားနော် ... နောက်နေ့တွေကစပြီး ဆရာမနဲ့ စုပြည့် စကားတွေအများကြီးပြောကြမယ်နော်"

"ဆရာမနဲ့ စကားတွေပြောရမယ် ..."

"ဟုတ်တယ်လေ _ စုပြည့်မပြောချင်ဘူးလား"

စုပြည့်က တစ်ခုခုကိုစဉ်းစားနေပြီးမှ ...

"မေမေကြိုက်ပါ့မလား မသိဘူး ..."

"သမီး ..."

ကိုထက်ဇော်က ... လှမ်းရှုပ်ဟန့်လိုက်၏။

လွှတ်လပ်က ...





"သမီးမေမေက ဆရာမနဲ့ခင်ပါတယ် _ ဘာမှပြောမှာ မဟုတ်ပါဘူး စိတ်မပူနဲ့နော် ..."

"အင်း ..."

စုပြည့်မျက်နှာကတော့မကောင်း၊ ထမင်းကို စိတ်မပါစွာ စားနေတာကြောင့် ကိုထက်ဇော်က _

"သမီး ဗိုက်ပြည့်နေလို့လား ... ထမင်းစားတာ မကောင်းဘူးထင်တယ်"

"သမီး တော်ပြီဖေဖေ _ သွားတော့မယ်"

စုပြည့်က ရေတစ်ခွက်ကိုကောက်သောက်ကာ ထမင်းစားခန်းမှ ထသွားသည်။

ကိုထက်ဇော်က ...

"သမီး အခြေအနေက ဆရာမမြင်တဲ့အတိုင်းပဲ _ နောက်တော့ ဆရာမနဲ့ရင်းနှီးသွားရင် အခြေအနေမှန်ကိုသဘောပေါက်လာအောင် ပြောပြပေးပါ ... ကျွန်တော် သူ့အတွက် စိုးရိမ်တယ်ဗျာ ..."

"စုပြည့်က သူ့အမေသေတာ သိတယ်မဟုတ်လား ..."

"သိတယ်လေ _ သဂြိုဟ်တော့ သမီးကို သိတိုင် ရှိတာပဲ"

လွှတ်လပ်က စားနေသည့်ဇွန်းခရင်းတို့ကို ဘေးသို့ချလိုက်ပြီး ...

"စုပြည့်ကို သူ့အမေစိတ်လွှမ်းမိုးနေတာထက် သူ့အမေနဲ့သူ တကယ်တွေ့နေတယ်လို့ လွှတ်လပ်ထင်တယ် _ "

"ဗျာ ..."

ကိုထက်ဇော် အံ့ဩစွာ လွှတ်လပ်ကိုကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"လွတ်လပ် ဘာလို့ အဲဒီလိုပြောရလဲဆိုရင် လွတ်လပ်ကိုယ်တိုင် ထိပ်ပန်းစံနဲ့တွေ့ခဲ့လို့ပဲ"

"ဟင် ... "

ကိုထက်ဇော်တစ်ယောက် မယုံနိုင်စွာကြည့်ခြင်းမျိုးနှင့် လွတ်လပ်ကို ကြည့်နေလေတော့သည်။

***

"စုပြည့်က မေမေ့ကိုအရမ်းကြောက်တာ ဆရာမရဲ့ ... မေမေက စုပြည့်ကို ဘယ်သူနဲ့မှပေးမဆော့ဘူး ... ကျောင်းတက်တော့လည်း စာပဲ ...ပ်ခိုင်းတာ အပေါင်းအသင်းလည်းမထားရဘူး"

စုပြည့် စာကျက်သည့်စားပွဲဘေးမှာထိုင်ကာ လွတ်လပ်နှင့် စကားပြော ...ဖြစ်ကြသည်။

"စုပြည့်ကို အပြင်တွေခေါ်သွားတာ မရှိဘူးလား ... "

"တစ်ခါတလေတော့ သွားပါတယ် ... ဒါပေမယ့် မေမေပြောတဲ့ ...တိုင်း စုပြည့်နေရတာလေ ... မေမေ မကြိုက်ဆုံးက ဘိုးဘိုးနဲ့စကားပြောတာ ..."

ဘိုးဘိုးနဲ့ဘွားဘွားက မေမေ့...မှာ စုပြည့်ကို မခေါ်ရဲဘူး ... "

"မေမေ ... မရှိရင်တော့ခေါ်တာပေါ့"

"မေမေကစုပြည့်နားမှာ အချိန်ပြည့်ရှိတာလေ ... ဘွားဘွား ...တစ်ခါတလေ ခေါ်ရင်တော့ မေမေကဘာမှမပြောဘူး ... "





www.burmeseclassic.com

www.burmeseclassic.com



စုပြည့်က လွတ်လပ်ကို စိတ်ပါလက်ပါပြောတာကို လွတ်လပ်ကျေနပ်သည်။ စုပြည့်ရဲ့ စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှု ဘာတစ်ခုမှမတွေ့သေးသည့်အတွက် လွတ်လပ် မှန်းဆရခက်နေသည်။

လွတ်လပ်က သွေးတိုးစမ်းသည့်အနေဖြင့် ...

"စုပြည့် ဘိုးဘိုးကိုချစ်လား ... "

"ရှင် ... "

စုပြည့် မျက်လုံးလေးလည်သွားသည်။ လွတ်လပ်က ပြုံးပြုံးလေးနှင့် -

"စုပြည့်မေမေ မရှိတော့ ဘိုးဘိုးနဲ့စကားပြောရင် ဘာမှဖြစ်မှာမဟုတ်ဘူးလေ ... ဘိုးဘိုးကလည်း စုပြည့်ကိုချစ်မှာပါ"

"မဟုတ်ဘူး ဆရာမ ... မေမေကဆုံးသွားတယ် ဆိုပေမယ့် စုပြည့်ဆီကို ခဏခဏလာတယ် ... မေမေက စုပြည့်ကို ဘိုးဘိုးနဲ့မပတ်သက်ရဘူး။ ပြီးတော့ ... "

စုပြည့်ကစကားကိုရပ်လိုက်သည်။ လွတ်လပ်ကလည်း ရိပ်မိတာကြောင့်–

"မေမေက စုပြည့်ကိုဘာထပ်ပြောသေးလဲ ... "

"ဟင့်အင်း ... "

စုပြည့်မဖြေပါ ... ခေါင်းကိုခါလိုက်၏။ လွတ်လပ်ကလည်း စုပြည့်မဖြေချင်တာကိုသိတာကြောင့် ဆက်မမေးတော့ဘဲ ထိုင်ရာမှထ၍ ...

"စုပြည့် သူငယ်ချင်းတွေအိမ်လာရင် ... ဆရာမနဲ့ မိတ်ဆက်ပေးဦးနော်"





"ဟုတ်ကဲ့ ... "

"ဆရာမသွားဦးမယ် ... "

လွတ်လပ်လည်း စုပြည့်နှုတ်ဆက်ကာ အခန်းထဲက ထွက်လာခဲ့တော့သည်။

***

www.burmeseclassic.com

အခန်းထဲဝင်လာပြီး ပန်းချီကားကိုတွေ့ရာ
စိတ်ကြည်၍ ကြောက်စရာအသံကြီးဖြင့် . . .

## အခန်း (၁၂)

## ပန်းချီကားရှေ့က ကောက်ကြောင်း

"ဟင် ..."

ညကတိတ်ဆိတ်နေသလို ... တစ်အိမ်သားလုံး အိပ်လို့နေတာကြောင့် လွတ်လပ်စိတ်အေးလက်အေး စာအုပ်တစ်အုပ်ကို ဖတ်လို့နေသည်။

တစ်စုံတစ်ယောက်က သူ့ကိုကြည့်နေသည်ဟု စိတ်ထဲ ခံစားရတာကြောင့် ဖတ်နေတဲ့စာအုပ်ကို အကြည့်လွှဲကာ အခြေအနေကို အကဲခတ်လိုက်၏။

လိုက်ကာစတချို့ လှုပ်ရမ်းကာသွားသလို လေအေးတစ်ချက်ဝေ့တိုက်သလို အေးခနဲဖြစ်သွားသည်။

တစ်ယောက်ယောက် သူ့အခန်းထဲမှာရှိနေတာလား စာအုပ်ကိုဆက်ဖတ်၍လည်းမရတော့တာကြောင့် ဘေးကိုချကာ မတ်တတ်ထရပ်လိုက်သည်။

"ရှပ် ... ရှပ် ... ရှပ် ..."

---



www.burmeseclassic.com

www.burmeseclassic.com



ခြေသံတစ်စုံက ကြမ်းပြင်ကိုဖွဖွလေးနင်းကာ လျှောက်လာတာကြောင့် အခန်းတံခါးဝနားသို့သွားကာ နားစွင့်လိုက်သည်။

"ရှပ် ... ရှပ် ... ရှပ် ... "

ခြေသံက သူ့အခန်းဝနှင့်နီးသထက်နီးလာတာကြောင့် လွှတ်လပ်ရင်တွေတဒိုင်းဒိုင်းခုန်နေသည်။

"ဘုရား ... ဘုရား ... ဘယ်သူ ငါ့အခန်းထဲလာတာလဲ ... ငါ့အခန်းထဲလာတာမဖြစ်ပါစေနဲ့"

စိတ်ထဲကကြိတ်ဆုတောင်းလိုက်၏။

"ရှပ် ... ရှပ် ... ရှပ် ... "

ခြေသံက သူ့အခန်းနှင့် နီးသထက်နီးလို့လာပြီး အနား ရောက်တော့ ရပ်သွားတာကြောင့် လွှတ်လပ်လည်း ခုတင်ပေါ် အလျင်အမြန်ပြေးတက်ကာ စောင်ကိုခေါင်းမြီးခြုံထားလိုက်သည်။

"ချောက် ... "

အခန်းတံခါး လက်ကိုင်ဘုကိုဆွဲလှည့်ကာဖွင့်လိုက်သည့် အသံကြားရသည်။

ထို့နောက် ...

"ကျွီ ... "

အခန်းတံခါး တွန်းဖွင့်သံကိုကြားလိုက်ရသည်။

"ဟင် ... "

အသက်ခြောက်ဆယ်ကျော် လူကြီးတစ်ယောက် အခန်းထဲသို့ တဖြည်းဖြည်းချင်းဝင်လာသည်။





လွှတ်လပ်လည်း သူတစ်ခါမမြင်ဖူးသည့်လူ ဖြစ်နေသောကြောင့် အသားများ တဆတ်ဆတ်တုန်နေ၏။

နံရံတွင်ချိတ်ထားသော ပန်းချီကားကြီးရှေ့၌ မတ်တတ်ရပ်ကာ ခါးထောက်၍ ကြည့်နေ၏။

"တောက် ... "

အလွန်ပြင်းထန်သော တောက်ခေါက်သံကြီးက တစ်ခန်းလုံးကို ပဲ့တင်ထွက်လို့လာသည်။

ခဏကြာတော့ ...

ပန်းချီကားရှေ့ကထွက်၍ အခန်းတံခါးဝမှအပြင်သို့ ပြန်ထွက်သွားသည်။

လွှတ်လပ်လည်း အိပ်ရာပေါ်မှအမြန်ထကာ အခန်းထဲ ထွက်သွားသော လူကြီးနောက်သို့လိုက်ကြည့်သည်။

ထိုလူကြီးက နောက်သို့လှည့်တောင်မကြည့်။ အိမ်အနောက်ဘက်သို့ လျှောက်ကာသွားသည်။ လွှတ်လပ်လည်း အခန်းဝမှအနောက်ဘက်သို့အသာကြည့်နေစဉ် ...

"ဆရာမ ... "

"အမလေး ... "

ရုတ်တရက်ခေါ်သံကြောင့် လွှတ်လပ်ကြည့်လိုက်ရာ ကိုထက်ဇော်ဖြစ်နေသည်။

"ဆရာမ ... ဘယ်သူ့ကိုတွေ့လို့လဲ ... "

ကိုထက်ဇော်က ပုံမှန်အတိုင်းသူမကိုမေးမှန်း လွှတ်လပ် ခန့်မှန်းမိတာကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com

"လူတစ်ယောက် အနောက်ခန်းထဲ ဝင်သွားလားလို့ ..."

"ဟင် ..."

ကိုထက်ဇော် အံ့ဩသွားသည်။

"လွတ်လပ် ခြေသံကြားလို့ထကြည့်တာ ..."

"ဒီအိမ်ကြီးမှာ ဘယ်သူမှမရှိပါဘူး ... အလုပ်သမားတွေလည်း တန်းလျားပြန်အိပ်ကြတာလေ ... အဘဦးအိုက်လုံလည်း သူ့အခန်းမှာရှိတာပဲ"

"အို ... လွတ်လပ် အကြားမှားတာ နေပါလိမ့်မယ် ..."

လွတ်လပ်က စကားကိုလျှောချလိုက်သည်။

"ဆရာမ ... အိပ်မပျော်ရင် ခြံထဲဆင်းခဲ့ပါလား ... စကားပြောရအောင် ကျွန်တော်လည်းအိပ်မပျော်ဘူးဗျာ ..."

ကိုထက်ဇော်စကားကို လွတ်လပ်စဉ်းစားလိုက်သည်။ ညအချိန်မတော် ယောကျ်ားတစ်ယောက်နှင့် နှစ်ယောက်တည်း စကားထိုင်ပြောရန်သင့်မသင့်။

သို့သော် ...

ကိုထက်ဇော်ရဲ့ အကျင့်သိက္ခာကိုသူယုံကြည်သည်။

"လွတ်လပ်လာခဲ့မယ်လေ ..."

"အိမ်အဝင်လမ်းဘေးမှာ ထိုင်ခုံရှိတယ် လွတ်လပ်လိုက်ခဲ့ပါ ... ကျွန်တော်စောင့်နေမယ်"

"ဟုတ်ကဲ့ ..."

ကိုထက်ဇော်ထွက်သွားတော့ လွတ်လပ်လည်း အခန်းထဲဝင်ကာ အနွေးထည်တစ်ထည်ကောက်ဝတ်ကာ ထွက်လာခဲ့တော့သည်။

***



"ကျွန်တော့် မိန်းမထိပ်ပန်းစံက အရမ်းမာနကြီးတယ် ... ဆရာမ သမီးစုပြည့်ကိုလည်း သူလိုသလိုပုံသွင်းတယ်၊ အမိန့်ဆန်ဆန်အုပ်ချုပ်တယ်၊ ဘာလုပ်လုပ် ဘယ်သွားသွား စည်းတွေဘောင်တွေနဲ့ထားတော့ ကလေးက စက်ရုပ်တစ်ရုပ်လို ဖြစ်နေတယ် ... သူမရှိတော့တာတောင် သမီးက သူ့ရှေ့မှာ နေရတဲ့ပုံမျိုးထိဖြစ်လာတယ်ဆိုပါတော့ ..."

ကိုထက်ဇော်က ထိုင်ခုံနောက်ကျောကိုမှီကာ လွတ်လပ်ကိုပြောပြသည်။ လွတ်လပ်က ...

"ကိုထက်ဇော် မိဘတွေနဲ့ ထိပ်ပန်းစံ ဘာလို့အဆင်မပြေတာလဲ"

"ဒီလိုပါ ... ထိပ်ပန်းစံတို့မျိုးရိုးက တော်ဝင်မျိုးရိုးပါ ... ကျွန်တော့် မိဘတွေနဲ့သိပ်ခင်ကြပါတယ် ... ကျွန်တော်တို့က ရှမ်းပြည်နယ်ဘက်ကပါ တစ်ရက်မှာ ဒီအိမ်ကြီးကိုလာလည်ရင်း ထိပ်ပန်းစံမိဘတွေ ရန်ကုန်ကအပြန် ကားမှောက်လို့ဆုံးသွားခဲ့တယ် ... ကျွန်တော့်အဖေလည်း နယ်မပြန်ဘဲ ဒီအိမ်ကြီးမှာ ဆက်နေရင်း ကျွန်တော်နဲ့ထိပ်ပန်းစံကိုလက်ထပ်ပေးခဲ့တယ်၊ အမျိုးမာန်ကြီးတဲ့ ထိပ်ပန်းစံက အားကိုးစရာမရှိလို့ လက်ထပ်တာကို


www.burmeseclassic.com

www.burmeseclassic.com



လက်ခံလိုက်ရပေမယ့် သူ့စိတ်ထဲမှာ ကျွန်တော်တို့ကို လုံးဝ မကျေနပ်ဘူး _ သမီးလေးရလာတော့ သူ့သမီးကို ကျွန်တော့် မိဘတွေနဲ့ လုံးဝအထိမခံဘူး _ ပိုဆိုးတာက သူ့မိဘတွေ မောက်တဲ့ကားက ကျွန်တော်တို့ကားကို မောင်းတဲ့ ဒရိုင်ဘာလေ"

"ဩော် ..."

"ဒရိုင်ဘာက ဘယ်သူလဲသိလား"

"ဟင့်အင်း ..."

လွှတ်လပ်က ခေါင်းခါလိုက်သည်။

"ဒရိုင်ဘာက ကားမှောက်ပေမယ့်မသေခဲ့ဘူး ... ဒီနေ့ထိရှိသေးတယ် _ အဲဒီဒရိုင်ဘာက ဘယ်သူလဲဆိုတော့ အဘဦးအိုက်လုံလေ _"

"ဟင် ..."

"အဘဦးအိုက်လုံက ဖေဖေ့တပည့်အရင်းဆိုတော့ ထိပ်ပန်းစံပိုအထင်လွဲတာပေါ့ ..."

ကိုထက်ဇော် ရှင်းပြတော့ ထိပ်ပန်းစံရဲ့သဘောထားကို လွှတ်လပ်သဘောပေါက်လာသည်။

"ထိပ်ပန်းစံကို ကိုထက်ဇော်ရှင်းမပြဘူးလား ..."

"ရှင်းပြပါတယ် ... ထိပ်ပန်းစံကသိပ်အတ္တကြီးတော့ ဘယ်လိုမှ လက်မခံဘူး _ တစ်နေ့လက်စားချေမယ်ပဲ ပြောနေတယ် _ အဲဒီစိတ်ကပဲ သူ့ကို ပြန်သတ်လိုက်သလို ဖြစ်သွားတယ်လေ"

"ကိုထက်ဇော်တို့ ဇာတ်လမ်းကြားရတာ စိတ်မကောင်းပါဘူး"

လွှတ်လပ်က အမှန်တကယ် ရင်ထဲရှိတဲ့အတိုင်း ပြောလိုက်၏။





"ဖေဖေနဲ့မေမေက မြေးကိုတွေ့ရက်နဲ့ထိန်းခွင့်မရ _ မခေါ်မပြောရနေရတယ် _ ကလေးကို သူ့လိုသလိုပုံသွင်းတယ် _ ကျွန်တော့် ထိန်းချုပ်မှုကိုလည်းလုံးဝလက်မခံဘူး။ ကြာတော့ ကျွန်တော့်မိဘတွေနဲ့ သူ့ကြားမှာအမုန်းတွေပိုကြီးလာတယ်"

"အင်းလေ ... ကံတရားကလည်း အရမ်းဆန်းကြယ်တာပဲ ... အခုလိုအဖြစ်မျိုးတွေဖြစ်လာအောင် တမင်ဖန်တီးထားသလိုဖြစ်နေတယ်"

ကိုထက်ဇော်က လွှတ်လပ်ပြောတာကိုပြုံး၍ ခေါင်းညိတ်လိုက်၏။ ပြီးတော့ ...

"ဆရာမကို တစ်ခုတော့မှာထားချင်ပါတယ် ..."

"ဘာများလဲ ကိုထက်ဇော် ..."

ကိုထက်ဇော်က စကားကို ချက်ချင်းမပြောသေးဘဲ လေးနက်စွာစဉ်းစားနေသည်။ ပြီးမှ ...

"ဒီအိမ်ကြီးမှာ ဘယ်လိုချောက်ချားစရာတွေနဲ့ရှိ _ ပရိတ်မရွတ်ပါနဲ့"

"ရှင် ..."

ဘယ်လိုမှ ထင်မထားတဲ့စကားဖြစ်၍ လွှတ်လပ် အံ့အားသင့်သွားသည်။

"ဘာလို့လဲဆိုတော့ _ ဒီအိမ်ကြီးမှာ သေခဲ့တဲ့ လူတွေဟာအသေဆိုးနဲ့သေခဲ့ကြတာပါ ... သူတို့နေခဲ့တဲ့အိမ်မှာ သူတို့ဝိညာဉ်တွေနေကြတာလွှတ်လွှတ်လပ်လပ်နေကြပါစေ"

"ဟို _ ဟိုလေ _ ဝိညာဉ်တွေ သရဲတစ္ဆေတွေ အိမ်မှာရှိနေတာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာမှမဟုတ်တာ အဲဒါတွေလက်ခံထားရင် ကိုယ့်အတွက်အန္တရာယ်ရှိတယ်လေ''

ကိုထက်ဇော်က ပြုံးပြုံးလေးနှင့်ခေါင်းကိုခါလျက် ...

''သူတို့နေခဲ့တဲ့ အိမ်မှာသူတို့နေတာပဲ တစ်ခုတော့ရှိတယ် အိမ်ကလူတွေကို ဘာအနှောင့်အယှက်မှမပေးရင်ပြီးတာပဲ''

ကိုထက်ဇော်စကားအဓိပ္ပါယ်ကို လွှတ်လပ်နားမလည်ပါ ... ထပ်ပြီးတော့လည်း မေးလိုစိတ်မရှိတာကြောင့် ...

''လွှတ်လပ် အိပ်ချင်ပြီ ... ပြန်ဦးမယ်''

လွှတ်လပ်ကထ၍ အိမ်တံခါးဝဆီသို့လျှောက်လာစဉ် ရုတ်တရက်အကြည့်က အပေါ်ထပ်ဝရံတာဆီ ရောက်သွားရာ ...

''ဟင်''

ဝိုးရဲပေါ်က လူကြီးတစ်ယောက် သူ့ကိုလှမ်းကြည့်နေ၏။

ထိုလူကြီးဘေးမှာတော့ မိန်းမကြီးတစ်ဦးရပ်နေသည်။

သူတို့မျက်နှာတွေက လုံးဝအပြောင်းလဲမရှိ။ မျက်နှာသေကြီးများနှင့်ဖြစ်သည်။

လွှတ်လပ်လည်း ကြက်သီးတွေထသွား၏။

ပြီးတော့ ...

အကြည့်ကိုလွှဲကာ အိမ်ထဲသို့ဝင်လာခဲ့တော့သည်။

***

စားပွဲပေါ်ရှိ အုပ်ဆောင်းကိုဖွင့်လိုက်ရာ
တွေ့လိုက်ရသည့် အစားအစာများမှာ . . .

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

### [illegible]

"ဘွားဘွားက မြေးအပေါ် တက်မလာလို့စောင့်နေတာ ... ဘွားဘွားက မြေးကိုလွမ်းနေတာ ... "

ဒေါ်နန်းလှဲ့မြိုင်က စုပြည့်ကိုသူ့ဘေး၌ ထိုင်စေလျက်ပြောတော့ စုပြည့်ကပြုံး၍ ...

"စုပြည့်လာမလို့ပဲ ... ဆရာမရောက်နေလို့မလာဖြစ်တာ ဘွားဘွားရဲ့"

"ဆရာမဆိုတာ ... "

"စုပြည့်ကို ကျူရှင်စာရေးစောင့်ရှောက်ရအောင် ဖေဖေက ခေါ်ပေးထားတာ ... "

ဒေါ်နန်းလှဲ့မြိုင်က သူ့မြေးပခုံးလေးကိုဖက်လျက် ...

"အို ... မြေးက ဘာမှမဖြစ်ဘဲ ... ဘာလို့သားက ခေါ်ထားတာလဲ"





"ဆရာမက သဘောကောင်းတယ် ဘွားဘွားရဲ့ စုပြည့်ကိုလည်း ချစ်တယ်"

"ဟုတ်လား ... ဟိုညက ... ဘွားဘွားတို့တွေ့ပါတယ် ... အသားဖြူဖြူနဲ့တော်တော်ချောတယ်လေ ... "

စုပြည့်က အလျှင်အမြန်ခေါင်းညိတ်၍ ...

"ဟုတ်တယ် ... ဘွားဘွား ဆရာမကအရမ်းချောတယ် ... စုပြည့်က ဆရာမအိမ်မှာမနေဘဲ ထွက်သွားမှာတောင် ကြောက်တယ် ... "

"အဲလိုဆိုလည်း သမီး ဖေဖေကိုပြောပေါ့"

"ဟင် ... "

သူ့ဘွားဘွားပြောတာကို စုပြည့်က ချက်ချင်းသဘောမပေါက် ငေးစားနေသည်။

ပြီးမှ ...

"ဟာ ... ဘွားဘွားကလည်း"

"ဟဲ ... ဟဲ ... "

ဒေါ်နန်းလှဲ့မြိုင် သဘောကျစွာရယ်လိုက်၏။

"ဘွားဘွား ... ဘိုးဘိုးနေကောင်းလားဟင်"

"ကောင်းပါတယ် မြေးရဲ့ ... မနေ့ညကတောင် မြေးကိုမေးနေသေးတယ်"

စုပြည့်က မျက်နှာလေးငယ်လျက် ...

"စုပြည့်က ဘိုးဘိုးဆီသွားချင်ပါတယ် ... ဒါပေမယ့် မေမေ့ကိုမှာ ကြောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မြေးရယ် ... "

ဒေါ်နန်းလှဲ့မြိုင် စိတ်မကောင်း။ ဦးစောအောင်ဘွားနှင့် ထိပ်ပန်းစံတို့ နှစ်ယောက်ကြားမှာ သူ့မြေးလေးက တန်ဆာခံဖြစ်ရရှာသည်။

"ဘွားဘွားဆီကို ဆရာမကိုခေါ်လာဦးမယ် _ ဆရာမနဲ့ ဘွားဘွားကို မိတ်ဆက်ပေးမယ် ... "

"မြေး ... ဖေဖေ့ကိုခွင့်တောင်းပြီးမှခေါ်လာ ... တော်ကြာ မြေးဖေဖေက မြေးကိုဆူနေဦးမယ်"

"အင်းပါ ... ဘွားဘွားရဲ့ ... "

စုပြည့် သူ့ဘွားဘွားနှင့်စကားတွေပြောရတာပျော်သည်။ မေမေ ရှိစဉ်က ထိုသို့မပြောရ ... မေမေက ရောရောနှောနှောနေတာကို လုံးဝ မကြိုက် ...

ထိုစဉ် ...

"စုပြည့် ... ရေ ... စုပြည့်"

အောက်ထပ်ကခေါ်လိုက်တဲ့ အသံကြောင့် စုပြည့်က ...

"ဟော ... ဆရာမ ... ခေါ်နေပြီ"

"အေး ... အေး ... သွားမြေး ... သွား ... "

ဒေါ်နန်းလှဲ့မြိုင်ကပြောနေစဉ်မှာပင် ...

"စုပြည့်ရေ ... "

အသံကလှေကားထစ်မှ အပေါ်တက်ရာသို့ ထွက်ပေါ်လာသည်။

"စုပြည့် ... ဒီမှာ ဆရာမ ... "

စုပြည့်က ထိုင်ရာမှထ၍ လှေကားထိပ်သို့ မတ်တတ်ရပ်လိုက်စဉ်



လွှတ်လပ်နှင့်သွားဆုံသည်။

"စုပြည့် ဘာလုပ်နေတာလဲ"

"ဘွားဘွားနဲ့ စကားပြောနေတာ ဆရာမရဲ့"

"ဘွားဘွားနဲ့ ... "

"ဟုတ်တယ် ဆရာမ ... ဟိုမှာလေ ... ဘွားဘွား ... "

စုပြည့်ပြရာ အပေါ်ထပ်လှေကားထိပ်လေး ညှိခန်းကို လွှတ်လပ် ကြည့်ရာ ...

"ဟင်"

ဘယ်သူမှမရှိ ... ကျွန်းစတီစားပွဲနှင့်ခုံများကိုသာတွေ့ရသည်။

"စုပြည့် ... ဘယ် ... ဘယ်သူမှမရှိပါလား"

"ဟင် _ ဘွားဘွား ဘယ်ရောက်သွားပြီလဲ ... ခုနက စုပြည့်နဲ့ စကားပြောနေတာ"

စုပြည့်ကလည်းကြည့်ရာ မတွေ့သဖြင့် လွှတ်လပ်အား ...

"လာ ... ဆရာမ အောက်ပဲသွားရအောင် ... ဘွားဘွားတို့က အဲလိုပဲ လူစိမ်းဆို စကားကိုမပြောချင်ကြဘူး ... "

"လာပါ _ စုပြည့်ရယ် နောက်တော့တွေ့လို့ရတာပေါ့"

"အင်း ... "

စုပြည့်က သူ့ဘွားအေကို မကျေမနပ်ဖြစ်ကာ လွှတ်လပ်ခေါ်ရာ အောက်ထပ်သို့ဆင်းလာခဲ့တော့သည်။

***

ရိုရင့်ဒေအောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

လွှတ်လပ်တစ်ယောက် ဒီအိမ်ကြီးမှာနေရတာ ပျင်းရိ ငြီးငွေ့ဖွယ် ကောင်းလာသည်။ အလုပ်ကလည်း မယ်မယ်ရရရှိတာမဟုတ်။ စုပြည့် ကျောင်းသွားလျှင် သူတစ်ယောက်ထဲ အခန်းထဲမှာစာဖတ်လိုက် အိပ်လိုက် လုပ်နေသည်။

စုပြည့်ပြန်လာရင် သူနှင့်စကားတွေပြော သူစိတ်တွေ ပုံမှန်လန်းဆန်း တက်ကြွအောင် လွှတ်လပ်ပြောရသည်။ အဘ ဦးအိုက်လုံက အိမ်မှာအမြဲ ရှိပေမယ့် သူနှင့်လိုအပ်မှသာ စကားပြောဖြစ်သည်။

အဘဦးအိုက်လုံက သူ့ကိုအပေါ်ထပ်ကိုမတက်ဖို့ ပြောထားသည်။

ကိုထက်ဇော်တစ်ယောက်လည်း အပေါ်ထပ်ကိုတက်တာ ... သူမတွေ့ ဒီအိမ်ကြီးကလူတွေရဲ့ ထူးဆန်းမှုတွေက သူမကြုံဘူးလောက်အောင်ဖြစ်ရသည်။

ဝိညာဉ်တွေ ဒီအိမ်ကြီးထဲမှာရှိသည်ဟု သူထင်သော်လည်း ကိုထက် ဇော်က နေပါစေဟုပြောတာကလည်း အတွေးအဆန်းပင်ဖြစ်နေသည်။

ပရိတ်မရွတ်မိုလည်း အကြိမ်ကြိမ်တားသည်။





ဘယ်လိုပဲဖြစ်ဖြစ် သူ့ကိုဘယ်သူမှ အန္တရာယ်မပေးတာကလည်း ကျေနပ်စရာဖြစ်နေသည်။

"အင်း ... ဗိုက်ဆာလိုက်တာ ... "

အိပ်ရာပေါ်လိမ့်ရင်း ဗိုက်ထဲကဆာလာသဖြင့် အခန်းထဲကထွက်ကာ အိမ်နောက်ဖေးထမင်းစားခန်းသို့ဝင်လာသည်။ ဒေါ်ဖွားရှင်နှင့် အိမ်အလုပ် သမားများကို မတွေ့တာကြောင့် ကိုယ်တိုင်ပင် ထမင်းစားပွဲပေါ်က အုပ်ဆောင်း ကို ဖွင့်လိုက် ရာ ...

"ဟင် ... "

လွှတ်လပ် သူ့မျက်လုံးကိုတောင် သူမယုံနိုင်။ စားပွဲပေါ်ရှိ ပန်းကန်များ ပေါ်တွင် ထည့်ထားသည့်ဟင်းလျာများမှာ အားလုံး အစိမ်းတွေဖြစ်နေသည်။

"မချက်ရသေးတာလား"

စိတ်ထဲကတွေးမိပေမယ့် အသား၊ ငါးတို့ကို ပန်းကန်ပြားများပေါ် စနစ်တကျထည့်ထားသည့်ပုံမှာ စားဖို့အဆင်သင့် လုပ်ထားသည့်ပုံဖြစ်သည်။

လွှတ်လပ်လည်း စိတ်ပျက်လက်ပျက်နှင့် ပြန်အုပ်ထားလိုက် စဉ် ...

"ဆရာမ ... ထမင်းစားမလို့လား ... "

"ရှင် ... "

အသံကြားရာသို့ လှည့်ကြည့်လိုက်ရာ ဒေါ်ဖွားရှင်ဖြစ်နေ သည်။

"ခဏစောင့်ပါလား ဆရာမ ... "

"ရပါတယ် ... "

လွှတ်လပ်ကပြော၍ သူ့အခန်းသို့ပြန်လာခဲ့သည်။ ထမင်းစားပွဲပေါ်က



www.burmeseclassic.com

www.burmeseclassic.com

အသားစိမ်း ငါးစိမ်းများကို မျက်လုံးထဲက မထွက် ညှီနံ့တွေကတထောင်းထောင်း။

"ဘာတွေမှန်းကိုမသိဘူး ..."

စိတ်ထဲက ညည်းညူလိုက်ရာ —

"ခစ် ... ခစ် ... ခစ်"

"ခစ် ... ခစ် ... ခစ်"

အိမ်အနောက်ဘက် မီးဖိုခန်းက အမျိုးသမီးတစ်စု ရယ်မောသံ ထွက်ပေါ်လို့လာသည်ကို လွှတ်လပ်ကြားလိုက်ရတော့သည်။

***



ဒီအိမ်ကြီးကလူတွေ ဘာတွေလဲ . . . ?

နောက်ကလိုက်ကြည့်ရင် မတွေ့ရဘူး . . .

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

## ထွက်ခွင့်ပေးပါ

"ဗျာ ... ကျွန်တော်တို့အိမ်ကလူတွေ ဘာတွေလဲ ဟုတ်လား _ ဆရာမ"

ကိုထက်ဇော်က လွတ်လပ်အမေးကို အံ့အားသင့်ဖွယ် ပြန်မေး လိုက်၏။

"ဟုတ်တယ်လေ ... လွတ်လပ်ကိုသူနာပြုလုပ်ဖို့ခေါ်ထားတယ် တကယ့်တကယ် ဘာမှလည်းလုပ်ရတာ မဟုတ်ဘူး ... အိမ်ကြီးထဲ ဟိုယောင်ယောင် သည်ယောင်ယောင်နဲ့ ပြီးတော့ တစ်ယောက်မှလည်း ပွင့်ပွင့် လင်းလင်းမရှိဘူး ... တစ်ခုခုကို ဖုံးကွယ်ထားသလိုပဲ"

လွတ်လပ်က စိတ်ထဲရှိသည့်အတိုင်းပြောချလိုက်သည်။ ကိုထက် ဇော်က မျက်နှာမကောင်းစွာနှင့် ...

"ကျွန်တော်တို့ အိမ်ကလူတွေ လူမှုဆက်ဆံရေးညံ့တယ်ဗျာ _ အဲဒီအတွက်လည်း ကျွန်တော်တောင်းပန်ပါတယ်"





"လူမှုဆက်ဆံရေးညံ့တာမဟုတ်ဘူး ... ဆက်ဆံမှုကိုမရှိတာ _ စက်ရုပ်တွေလိုပဲ မေးမှပြောတာ ... ကြာတော့ အရုပ်တွေနဲ့နေရသလို ခံစားရတယ်"

"အင်း ... "

ကိုထက်ဇော်က ခေါင်းညိတ်လိုက်သည်။

"လွတ်လပ် ... စုပြည့်ကိုတော့သနားတယ် ... သူက တကယ် နွေးထွေးတဲ့မေတ္တာမရရှာဘူး ... အတ္တကြီးတဲ့ မိခင်တစ်ယောက်ရဲ့ အမိန့် အောက်မှာပဲနေခဲ့ရတော့ ... သူ့စိတ်ဟာ လွှမ်းမိုးခံဖြစ်နေတယ် ... "

"ဟုတ်ပါတယ် ... "

"နောက်တစ်ခု ... ရှင့်ကိုပွင့်ပွင့်လင်းလင်းပဲမေးမယ်"

"မေးပါ ... ဆရာမ"

လွတ်လပ် နှုတ်ခမ်းကိုစေ့ထားရင်း တဖြည်းဖြည်း ဟလျက် ...

"စုပြည့်ရဲ့အဘိုးအဘွား ရှင့်အဖေနဲ့အမေဆိုတာ တကယ်ရှိလို့ လား"

"ဗျာ ... "

မထင်မှတ်တဲ့ မေးခွန်းကြောင့် ကိုထက်ဇော် အံ့အား သင့်သွား သည်။

"လွတ်လပ်မေးတာကို အမှန်အတိုင်းဖြေပါ"

"ဆရာမ ဘာလို့မေးတာလဲဆရာမနဲ့ပတ်သက်နေလို့လား"

"လွတ်လပ်နဲ့မပတ်သက်ပါဘူး ... လွတ်လပ်ရဲ့လူနာနဲ့ ပတ်သက်နေတယ် _ စုပြည့်အပေါ်ထပ်တက်ပြီး စကားတက်တက်ပြောလို့



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ကြည့်ရင်ဘယ်သူ့ကိုမှမတွေ့ဘူး ... ”

ကိုထက်ဇော်က လွတ်လပ်ကိုမကြည့်ဘဲ အဝေးတစ်နေရာသို့ ကြည့်၍–

“ဆရာမ မမြင်တာပါ ... ”

“ဟင် ... ရှင် ... ရှင့်စကားက ... ”

“ဟုတ်တယ်လေ ... ဆရာမ မမြင်လို့ပါ ... စုပြည့်ကမြင်တယ် မလား ... ထားပါတော့၊ ဆရာမအမိက ဘာပြောချင်တာလဲ”

စကားလမ်းကြောင်းကိုဖွင့်ပေးတဲ့ ကိုထက်ဇော်အား လွတ်လပ်က တည်ငြိမ်သောလေသံနှင့် ...

“လွတ်လပ်ကို အလုပ်ထွက်ခွင့်ပေးပါ”

“ဗျာ ... ”

ကိုထက်ဇော်ရဲ့ မျက်နှာချက်ချင်းညှိုးကျသွားသည်။

“လွတ်လပ် ဒီကိုရောက်တာ တစ်လမပြည့်သေးဘူး။ အလုပ်ထွက်ခွင့် တောင်းတဲ့အတွက် ကိုထက်ဇော်ကို အားနာပါတယ် ... ဒါပေမယ့် ဘာမှန်းမသိ အမိပွါယ်မရှိနေတာထက် အလုပ်ကထွက်တာ ပိုကောင်းမယ်ထင်လို့ပါ ... ”

“အင်း ... ”

ကိုထက်ဇော်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

“ကောင်းပြီလေ ... ဆရာမ အလုပ်ထွက်မယ်ဆိုရင် ... လကုန်ရင် ထွက်ပါလား ... တစ်ပတ်ပဲလိုတော့တာဆိုတော့ နေပေးစေချင်တယ် ... သမီးကလည်း ဆရာမကို ခင်တွယ်နေတယ်လေ ... ”

လွတ်လပ်စဉ်းစားလိုက်သည်။ ကိုထက်ဇော်ပြောတာတော့မဆိုး





ဘာပဲဖြစ်ဖြစ် နေလိုက်မည်ဟု ဆုံးဖြတ်လိုက်ပြီး ...

“ကောင်းပြီလေ ... နေပါ့မယ်”

“ဝမ်းသာပါတယ် ဆရာမရယ် ... ဆရာမအတွက် နှုတ်ဆက်ပွဲလေး လည်းလုပ်ပေးပါ့မယ်”

“အို ... ရပါတယ် ... မလိုပါဘူး”

“ဆရာမကမလိုပေမယ့် ကျွန်တော်တို့က အမှတ်တရပေါ့”

ကိုထက်ဇော်ပြောတာကို လွတ်လပ်လည်းမငြင်းတော့ဘဲ ငြိမ်နေလိုက် တော့သည်။

***



www.burmeseclassic.com

www.burmeseclassic.com

"ဆရာမ ပြန်တော့မယ်ဆို … ဟုတ်လား ဆရာမ"

စုပြည့်က ငိုသံပါလေးနှင့်မေးတော့ လွှတ်လပ် စိတ်မကောင်း … သို့သော် _ အစီပွါယ်မရှိနေတာထက် အလုပ်ကထွက်တာ ပိုကောင်းမည်ဟု တွေးမိ၏။

"စုပြည့် အားမငယ်နဲ့နော် ဆရာမက … ဒီမှာ ဘာမှမဟုတ်ဘဲ နေရတော့ ကြာရင်မနေချင်တော့ဘူး _ ပြီးတော့ _ ဒီကလူတွေကြည့်ရတာ တစ်မျိုးပဲ"

"ဟင် _ ဒီကလူတွေက ဘယ်လိုဖြစ်နေလို့လဲ ဆရာမ"

စုပြည့်အမေးကို လွှတ်လပ်မဖြေတတ် … သူ့စိတ်ထဲမှာ ပုံမှန် တစ်ခုမဟုတ်တာတော့သေချာသည်။

"စုပြည့် _ နားလည်အောင်ဆရာမ မပြောပြတတ်ဘူး _ ဆရာမ နေလို့အဆင်မပြေလို့ပါ"

"ဆရာမ _ မကျေနပ်တာရှိရင် ဖေဖေ့ကိုပြောပေးမယ်လေ _"





စုပြည့်က သနားစဖွယ်ပြောသော်လည်း လွှတ်လပ်က ဆုံးဖြတ်ပြီးသား ကိုမပြင်တော့ …

"မကျေနပ်တာ ဘာမှမရှိပါဘူး စုပြည့်ရယ် _ ရန်ကုန်မှာဆရာမ လုပ်စရာတွေရှိသေးလို့လေ …"

"ရန်ကုန်မှာ လုပ်စရာရှိလို့ …"

"ဟုတ်တယ်လေ _"

စုပြည့်က လေးလေးနက်နက်စဉ်းစားရင်း …

"ရန်ကုန်ရောက်ရင် စုပြည့်အတွက် ရွှေတိဂုံဘုရားမှာ … ရေလှူပေးပါနော်"

"ဟင် … စုပြည့်ဘာတွေပြောနေတာလဲ … "

"စုပြည့်မှာတဲ့အတိုင်းလုပ်ပေးပါ _ ဆရာမကို စုပြည့် ကျေးဇူးတင် မှာပါ … "

"စုပြည့်ရယ် … "

လွှတ်လပ်က စုပြည့်ကိုယ်လေးကိုရင်ခွင်ထဲထည့်ကာ ဖက်ထားလိုက် ၏။

ဘာကြောင့်ရယ်မသိ …

စုပြည့်ရဲ့ပါးပေါ်မှာ မျက်ရည်တွေ ကျလို့နေသည်လေ -

***



www.burmeseclassic.com

www.burmeseclassic.com

ဆုတို့အားလုံး စာတွေလဲ . . . ?

## အခန်း (၁၅)

## သေသွားပြီးပြီ

"ဦးစောအောင်ဘွား . . . ရှင် . . . ကျွန်မ မိဘတွေကို သတ်ဖို့စီစဉ်ခဲ့တယ်ဆိုတာ ဝန်ခံလိုက်စမ်းပါ ... "

ထိပ်မန်းစံရဲ့ပုံစံကဒေါသကြောင့် အသားတွေ တဆတ်ဆတ်တုန်နေတယ်။ ခုတင်ပေါ်က ဦးစောအောင်ဘွားက ထိပ်ပန်းစံကိုရှင်းပြဖို့ကြိုးစားနေသည်။

"အဖေ ဘာမှမလုပ်ခဲ့ပါဘူး သမီးရယ် ... "

"တော် ... အဖေဆိုတဲ့စကား လုံးဝမသုံးနဲ့"

ထိပ်ပန်းစံရဲ့ မျက်လုံးက မီးဝင်းဝင်းတောက်နေသည်။

"ဒီနေ့ ကျွန်မမိဘတွေသေတာ နှစ်နှစ်ဆယ်ပြည့်တဲ့နေ့ - ရှင့်ကို သူတို့နောက်ရောက်အောင်ပို့ပေးမယ်"

ဦးစောအောင်ဘွားရှေ့သို့ ထိပ်ပန်းစံ တရွေ့ရွေ့တိုးကပ်လာသည်။

"ရှင့်ကို ... သတ်မယ်"



www.burmeseclassic.com

www.burmeseclassic.com

ထိပ်ပန်းစံရဲ့အသံက ကြောက်စရာကောင်းလှသလို မျက်နှာကလည်း ကြောက်မက်ဖွယ်ဖြစ်နေ၏။

"မလုပ်နဲ့ ... ငါ ဒုက္ခိတဖြစ် ... ဖြစ်နေလို့ ..."

"ရှင် ... ဒုက္ခိတဖြစ်အောင် ကျွန်မစောင့်နေတာ နှစ်မနည်းတော့ဘူး"

ထိပ်ပန်းစံကရှေ့သို့ တိုးလာစဉ် ... ဦးစောအောင်ဘွား လှဲနေရာမှ ရုတ်တရက်ထထိုင်လိုက်ရာ ...

"ဟင် ..."

ဦးစောအောင်ဘွား သူ့ကိုယ်သူ အံ့ဩသွားသည်။ အောက်ပိုင်း မလှုပ်နိုင်အောင်ဖြစ်နေရာက သူ့ကိုယ်သူ ကာကွယ်ရန် ထထိုင်နိုင်ခြင်းဖြစ်သည်။

ပြီးတော့ ...

တရွေ့ရွေ့တိုးကပ်လာတဲ့ ထိပ်ပန်းစံကြောင့် ... ဦးစောအောင်ဘွား ခုတင်ပေါ်နောက်ဆုတ်လိုက်ရာ ...

"ဝုန်း ..."

ထိပ်ပန်းစံက အတင်းဝင်လုံးရင်း နှစ်ယောက်သား ဝရံတာမှ အောက်သို့ပြုတ်ကျသွားတော့သည်။

"အား ..."

"အား ..."

အလွန်ချောက်ချားကြောက်မက်ဖွယ်ရာ မြင်ကွင်းကြောင့်သွေးမျက် မတတ်ထိတ်လန့်သွားသည်။





"ဟင် ..."

လွတ်လပ် ထထိုင်လိုက်၏။ အသက်ရှူသံက အလွန် ပြင်းလို့နေ၏။ သူမြင်ရတဲ့မြင်ကွင်းက ပီပြင်လှသည်။

သူ အိပ်မက်,မက်နေတာလား ...

မြင်ကွင်းက ဒီအိမ်ကြီးမှာတကယ်ဖြစ်ခဲ့တဲ့အဖြစ်အပျက်လား ...

ထိပ်ပန်းစံ ... ဦးစောအောင်ဘွားတို့ သေဆုံးခဲ့ကြပုံကို သူ့ဘာဖြစ်လို့ မြင်မက်ခဲ့တာလဲ ...

ဘေးပတ်ပတ်လည်ကို သူကြည့်လိုက်တော့ အိပ်ခန်းထဲမှာ ...

"အင်း ... ငါ ... အိပ်မက်,မက်တာနေမှာပါ"

သူ့ကိုယ်သူ ပြန်တွေးမိတော့ သက်ပြင်းကို ခပ်လေးလေး ချလိုက်တော့သည်။

***



www.burmeseclassic.com

www.burmeseclassic.com

နှုတ်ဆက်ပွဲအတွက် အချိန်က ညဆယ့်တစ်နာရီဟု စုပြည့်က လာပြောတော့ လွှတ်လပ်အံ့ဩရသည်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီအိမ်ကြီးကနေ သူမနက်ဖြန်ဆို သွားတော့မှာ ဆိုတော့ သူတို့တွေရဲ့ ဂရုတစိုက် နှုတ်ဆက်တာကို လက်ခံလိုက်၏။

"စုပြည့် သူငယ်ချင်းတွေကိုလည်း ခေါ်ထားတယ် ဆရာမ ..."

စုပြည့်ရဲ့ စကားသံကိုကြားယောင်နေသည်။ ကောင်းမည်ထင်သည့် အဝတ်အစားတို့ကိုထုတ်လိုက်စဉ် ...

"ဟင် ..."

အင်္ကျီကြားထဲက အနီရောင်ပရိတ်ကြိုးလေးထွက်လာသည်။

"အဲဒီကြိုးလေးကို လည်ပင်းမှာဆွဲထားရင်ထား လည်ပင်းမှာ မဆွဲထားရင် လက်မှာပတ်ထား ကိုယ့်ကို ဘယ်သူမှ အနှောင့်အယှက် မပေးနိုင်ဘူး"

အမေမသေခင်ကပြောခဲ့သည့် စကားသံတို့ကို ကြားယောင်လာသည်။ ပရိတ်ကြိုးလေးကို ညာဘက် လက်ကောက်ဝတ်တွင် ပတ်ထားလိုက်၏။





အဝတ်အစားကို အကျအနလဲပြီးနောက် မျက်နှာကို ပေါင်ဒါအနည်း ငယ်ရိုက်လိုက်သည်။

နာရီကြည့်လိုက်တော့ ... ဆယ့်တစ်နာရီထိုးရန် ငါးမိနစ် ...

"ဆရာမ ..."

"ဟင် ..."

အခန်းဝက စုပြည့်ရဲ့ခေါ်သံကြောင့် လွှတ်လပ် မှန်တင်ခုံရှေ့က ထလိုက်သည်။

"ဆရာမ အရမ်းလှတာပဲ ..."

စုပြည့်က ချီးမွမ်းတော့ လွှတ်လပ်ကပြုံးပြ၏။

"လာ ... စုပြည့် ... သွားရအောင် ..."

"ဆ ... ဆရာမ ... လက်က ... ဘာလဲဟင်"

စုပြည့်က လွှတ်လပ်လက်ကောက်ဝတ်မှာ ပတ်ထားသည့် ပရိတ်ကြိုး ကို တအံ့တဩကြည့်ကာမေးသည်။

"ပရိတ်ကြိုးလေ ... အန္တရာယ်ကင်းအောင်ပါ"

လွှတ်လပ်ကဖြေတော့ စုပြည့်လည်း မျက်နှာက ထိတ်လန့်သည့် အမူအရာပြောင်းသွားသည်။

"ဆရာမ ... တကယ်သွားရတော့မှာပေါ့"

စုပြည့်ကပြော၍ အခန်းအပြင်ဘက်ထွက်သွားရာ လွှတ်လပ်လည်း စုပြည့်နောက်ကလိုက်သွားသည်။

အိမ်အပြင်ခြံထဲမှာတော့ စားပွဲရှည်ကြီးကို သပ်ရပ်စွာ ခင်းထားသည်။

စားပွဲရှည်ကြီးဘေးက ထိုင်ခုံမှာတော့ စိမ်းလဲ့မြိုင် စံအိမ်တော်မှ အဘဦးအိုက်လုံ၊ ဒေါ်ဖွားရှင်နှင့်အလုပ်သမားလေးဦး စုပြည့်သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com


လေးယောက် ကိုထက်ဇော် အားလုံးစုံစုံညီညီ ထိုင်နေကြ၏။

စားပွဲပေါ်က အစားအသောက်များကိုကြည့်၍ လွှတ်လပ် အံ့ဩသွားသည်။ သူထိုင်နေရာ ရှေ့မှာရှိသည့် အစားအသောက်များမှလွဲ၍ ကျန်နေရာများတွင် သားစိမ်းငါးစိမ်းများသာရှိသည်။ ကိုထက်ဇော်က ...

"ဆရာမကို ကျွန်တော်တို့တစ်သက်လုံးခေါ်ထားမလို့ ပါ ... ဒါပေမယ့် ဆရာမက မပျော်ဘူးဆိုလို့ ပြန်လွှတ်ရတာ ပါ ..."

"လွှတ်လပ်လည်း စိတ်မကောင်းပါဘူး"

"ဆရာမ ... အခုလူတွေအားလုံးကိုသိမှာပါ၊ ဆရာမ မသိသေးတဲ့ လူသုံးယောက်ကို ကျွန်တော်ခေါ်လိုက်ပါ့မယ်"

ကိုထက်ဇော်ကပြောလိုက်ပြီး ခေါင်းကိုအနောက်ဘက်လှည့်၍ ပါးစပ်က အသံတစ်မျိုးထွက်လိုက်၏။

ထိုစဉ် ...

တရွေ့ရွေ့လှမ်းလာသည့် အရိပ်နှစ်ခု စားပွဲနားသို့ ရောက်လာတော့ လွှတ်လပ်ကြည့်လိုက်ရာ ...

"ဟင် ..."

သူတွေ့ဖူးသည့် လူကြီးနှင့်အမျိုးသမီးကြီးတစ်ဦး ...

"ဒါ ... ကျွန်တော် ဖေဖေနဲ့မေမေပါ၊ ဟိုဘက်မှာ ထိပ်ပန်းစံလေ"

"ရှင် ..."

လွှတ်လပ်က ကိုထက်ဇော်ဆီကြည့်နေစဉ် တစ်ဖက်စားပွဲခုံထိပ်မှာ ရပ်နေသည့် ထိပ်ပန်းစံကိုတွေ့ရသည်။

လွှတ်လပ် တုန်လှုပ်သွားပြီး ... မတ်တတ်ထရပ်ကာ ...

"ရှင် ... ရှင်တို့ဘာ ... ဘာတွေလဲ ဒီလူတွေကသေပြီးတဲ့လူတွေလေ"





"ဟား ... ဟား ... ဟား"

ကိုထက်ဇော်နှင့် စုပြည့်မှလွဲ၍ ကျန်လူများကပိုင်းရယ်ကြသည်။

"ဆရာမ ... ကျွန်တော်တို့အားလုံး သေပြီးကြပါပြီ ..."

"ဟင် ..."

လွှတ်လပ် သူနားကိုသူမယုံနိုင် ...

"ဆရာမ အလုပ်ဝင်မယ့်နေ့မှာပဲ ဒီစံအိမ်ကြီးမီးလောင်ခဲ့လို့ အားလုံး သေသွားကြတာပါ"

"အဲလိုဆို ... ကျွန်မတွေ့ခဲ့တာတွေက ..."

"ပရလောကသားတွေပါ ... ဆရာမကိုယ်တိုင် ဒီကို ရောက်လာတာ မဟုတ်ပါဘူး ... ဆရာမရဲ့ ဝိညာဉ်က ရောက်လာတာပါ"

"ရှင် ... အဲလိုဆို ကျွန်မ ခန္ဓာကိုယ်က ..."

လွှတ်လပ်သူကိုယ်ကို ငုံ့ကြည့်ကာပြောတော့ ကိုထက်ဇော်က ...

"ဆရာမ ပြန်မယ်ဆိုလို့ခွင့်ပြုလိုက်တာပါ၊ ဆရာမကို တစ်ခုတော့မှာလိုက်ပါရစေ ... ဒီဝိညာဉ်စံအိမ်ကို ဆရာမ ရောက်ခဲ့တဲ့အကြောင်း ဘယ်သူ့ကိုမှမပြောပါနဲ့"

"ဟင့်အင်း ... မဟုတ်ဘူး ... ကျွန်မ မယုံဘူး ... ကျွန်မ ဒီအိမ်ကြီးကိုတကယ်ရောက်လာတာပါ ..."

လွှတ်လပ်တစ်ယောက် အရူးတစ်ယောက်လို ပြောရင်း ပြောရင်း မြေပြင်ပေါ်ပစ်လဲကျကာ သတိလစ်သွားတော့သည်။

***



www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

"လွတ်လပ်သတိရပြီလား ..."

"ဟင် ..."

လွတ်လပ်မျက်လုံးကိုဖွင့်ကြည့်လိုက်တော့ ခုတင်ဘေးမှာ စိမ်းရင့် သူ့ကို စိုးရိမ်စွာကြည့်နေ၏။

"စိမ်းရင့် ... ငါဘယ်ရောက်နေတာလဲ"

"ဆေးရုံလေ — နင် စိမ်းလဲ့မြိုင်အိမ်ကြီးပေါ် အလုပ်ဝင်ဖို့သွားရင်း ကားမှောက်တာ — ဟိုအိမ်ကြီးကလည်း နင်အသွားမှာပဲ လောင်သွားတယ်"

"ဟင် ..."

သူ့မျက်လုံးထဲတွင် စိမ်းလဲ့မြိုင်စံအိမ်ထဲသူရောက်ခဲ့တဲ့ အဖြစ်အပျက်တို့ တစ်ကွက်ချင်းပေါ်လာသည်။

"ငါ — ငါ သတိလစ်တာ ဘယ်လောက်ရှိပြီလဲ"

"သုံးရက် ..."

လွတ်လပ် အံ့သြရပြန်သည်။ သူ စိမ်းလဲ့မြိုင်စံအိမ်ကို ရောက်ခဲ့တာ တစ်လလောက်ကြာသည်။

---

ခိုရင့်အောင်မြေဓာ၁

www.burmeseclassic.com



"ဝိညာဉ်စံအိမ်ကို ရောက်ခဲ့တဲ့အကြောင်း ဘယ်သူ့ကိုမှ မပြောပါနဲ့"

ကိုထက်ဖော်ရဲ့ စကားကြားလို့နေသလို သူ့ဝိညာဉ်စံအိမ်ကို ဝိညာဉ်ဘ၀နှင့်ရောက်ခဲ့တယ်ဆိုတော့ ...

ဘယ်သူ့ကိုမှမပြောပြတော့ ...

ဘာလို့လဲဆိုရင် ...

သူကိုယ်တိုင်ဝိညာဉ်ဘ၀နှင့် ထိုစံအိမ်ကြီးကိုပြန်သွားရမှာ ကြောက်သည်လေ ...

BURMESE CLASSIC

ပြီး၏ပြီ။

အစဉ်ကြိုးစားလျက်

**သစ်ငုတ်ခိုးတဲ့ဝိုးသူညှ**

တယ်လီဖုန်းဖြင့် ဝေဖန်
မိတ်ဆက်အကြံပြုလိုသူများမျှော်လင့်လျက်
ဖုန်း – ၀၁ ၄၀၁၃၈၇၊ ၀၉ ၅၃၁၁၃၉၀၉



www.burmeseclassic.com